# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ အစီအစဉ်

# [ ၂၂–၁၁–၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်းများ ရာထူးတစ်ဆင့်တိုးမြှင့်ရန် ဝန်ကြီးဌာနများတွင် ဥပဒေ၊ နည်းဥပဒေရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **နိုင်ငံခြားသား စီးပွားရေး လုပ်ငန်းရှင်များအား stay permit ကို ပထမအကြိမ် လျှောက်ထားပါက (၃)လ၊ ဒုတိယအကြိမ်လျှောက်ထားပါက (၆)လနှင့် တတိယအကြိမ် လျှောက်ထားပါက (၁)နှစ် ပေးရမည့်အစား တစ်ခါလျှောက်လျှင် (၁)နှစ်သို့ ပြောင်းလဲပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ ထားရှိသည့် မြို့ဝင်၊ မြို့ထွက် ဂိတ်များမှအပ ကျန်ဒေသများရှိ မြို့ဝင်၊ မြို့ထွက် ဂိတ်များကို ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **မြန်မာပြည်တစ်ဝန်းတွင် ကိုင်တွယ်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးပေါ်ရှိ ဆင်တံဆိပ်နှင့် ခြင်္သေ့တံဆိပ်ရုပ်ပုံများအစား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံပါသော ငွေစက္ကူများဖြင့် အစားထိုး ရိုက်နှိပ်ထုတ်ဝေ သုံးစွဲရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် နည်းဥပဒေကို မည်သည့်အချိန်မှာ အပြီးရေးဆွဲမည်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးများ ဖွဲ့စည်းခန့်အပ်မှုကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်မည်၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ကြီးဌာန၏ ရန်ပုံငွေနှင့် ဝန်ထမ်းခန့်အပ်မှုကို မည်သည့်အချိန်တွင် စတင်မည်၊ 'ကာကွယ်စောင့်ရှောက်သည့် ဥပဒေ' သည် ကူညီထောက်ပံ့သည့် အစီပွါယ်ဟုတ်၊ မဟုတ်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်သိန်း၊ ဇန်းမော် မဲဆန္ဒနယ်၏ **ဇန်းမော်မြို့နယ်၊ မင်းကုန်းရပ်ကွက်ရှိ မြေကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀.၀၉၄)ဧက မြေကွက်ပေါ်တွင် ဆောက်လုပ်ခဲ့သော မြို့နယ် မော်တော်ယာဉ် အသင်းပိုင် အဆောက်အဦအား မော်တော်ယာဉ် အသင်းအဖွဲ့ထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းတုံမြို့နယ်ရှိ သံလွင်မြစ်ကူး ကြိုးတံတားဂိတ်နှင့် အမှတ်(၂၉၄) တပ်ရင်းဂိတ် တို့အား နံနက်(၆)နာရီ ည(၆)နာရီ အစား ည(၈)နာရီအထိ အချိန်တိုးမြှင့်၍ ဖြတ်သန်း သွားလာခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"အိမ်အကူ အလုပ်သမားများ အပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ခ) ဦးစောတင်ဝင်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၊

(င) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၊

(စ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**

**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၁၈-၁၁-၂၀၁၆ ရက်စွဲပါကြေညာချက်အမှတ်(၂၉/၂၀၁၆)အရ ရမည်းသင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဦးထွန်းထွန်းဝင်းသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ဦးထွန်းထွန်းဝင်းက မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ဦးထွန်းထွန်းဝင်းက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ရမည်းသင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၏ ကတိသစ္စာပြုချက်-

**[**ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ရမည်းသင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း က ကတိသစ္စာပြုပါသည်။**]**

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ဦးထွန်းထွန်းဝင်းဟာ မိမိအတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူပါရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်မှာ ဦးထွန်းထွန်းဝင်းက ကတိသစ္စာ

ပြုလွှာပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရန် ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူများကတော့-

**မူကြမ်း**

(၁) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၉ ရက်၊

(၂) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊

(၃) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၄ ရက်၊

(၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၂ ရက်၊

(၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၄ ရက်၊

(၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်၊

(၇) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၉) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၁၀) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၁၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၁၂) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၁၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၄) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၂ ရက်၊

(၁၅) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၁၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၁၈) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်နှင့်

(၂၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ ရာထူးတစ်ဆင့်တိုးမြှင့်ရန် ဝန်ကြီးဌာနများတွင် ဥပဒေ၊ နည်းဥပဒေရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ရှိဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ ဝန်ကြီးဌာနတိုင်းမှာ ရာထူးတိုးမြှင့်နိုင်

ရန် ဥပဒေ၊ နည်းဥပဒေများရှိ/မရှိနှင့် ရှိပါက ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ခြင်းရှိ/မရှိ သိလိုပါ၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရာထူးတိုးမြှင့်မှုကို ကျွန်တော် အမှုထမ်းခဲ့တဲ့သက်တမ်းကာလကို ကိုးကားပြီးတော့ ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ၁၉၆၆ ခုနှစ်မှာ ပြည်သူ့ဆောက်လုပ်ရေးမှာ အောက်တန်းစာရေးအဖြစ် ဝင်ခဲ့ပါတယ်။ ကျွန်တော် အောက်တန်းစာရေးအဖြစ်ဝင်တဲ့အချိန်မှာ ကျွန်တော့်အရင်ရောက်နေတဲ့ BA ဘွဲ့ရက ခုနစ်နှစ်လုပ်သက်ရှိနေပါတယ်။ အဲဒီတော့ ကျွန်တော့်လို ဘာမှဘွဲ့မရတဲ့လူဟာ ဒီလို များစွာကြန့်ကြာမယ်ဆိုတာ ကျွန်တော်တို့ သိခဲ့တဲ့အတွက် ဘာလုပ်ရသလဲ ဆိုရင် ကျွန်တော့်အနေနဲ့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှာရှိတဲ့ နတ်မောက်ကျောင်း ETEC သင်တန်းကို ကျွန်တော်တို့တက်ခဲ့ပါတယ်။ အဲဒီ ETEC သင်တန်းကိုပဲ ကျွန်တော်တို့က တက်တဲ့အခါကျတော့ ၁၉၇၂ ခုနှစ်မှာ ကျွန်တော်အောင်တယ်။ အောင်တဲ့အခါကျတော့ အထက်တန်းစာရေးလစာနဲ့ညီမျှတဲ့ ပုံစံထုတ်ဌာနကိုရောက်သွားပါတယ်။ အဲဒီလို ပုံစံထုတ်ဌာနကိုရောက်တဲ့အခါကျတော့ ဒါ ကျွန်တော့်ကြိုးစားမှုပေါ့။ ပုံဆွဲဒုရာထူးကိုရခဲ့တာပေါ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆောက်လုပ်ရေးရုံးချုပ် ပုံထုတ်(၃)မှာ ပုံဆွဲဒုရာထူးနဲ့အလုပ်လုပ်ရင်း ကျွန်တော် အင်းစိန်(EGTI)ကို ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး ဖြေဆိုအောင်မြင်ပြီး ကျွန်တော် ကျောင်းကိုဆက်တက်ခဲ့ရပါတယ်။ အဲဒီဘွဲ့ကိုလည်း ၁၉၇၆ ခုနှစ်မှာ EGTI(Civil) ဒီပလိုမာဘွဲ့ရရှိခဲ့ပါတယ်။ အဲဒီလိုဘွဲ့နဲ့ပဲ ပုံဆွဲဒုမှ SAE ရာထူးတိုးမြှင့်ပြီး တိုင်းတစ်တိုင်းမှာရှိတဲ့ မြို့တစ်မြို့ကို တာဝန်ချထားခြင်းခံခဲ့ရပါတယ်။ ကျွန်တော် တိုင်းတစ်တိုင်းနှင့်မြို့တစ်မြို့ဆိုတာ မဖော်ပြတာက သက်ဆိုင်ရာကို ထိခိုက်မှုလေးရှိမှာစိုးလို့ပါ။ ဒါကလည်း ကျွန်တော်ကြိုးစားလို့ရခဲ့တဲ့ ရာထူးပါ။ အဲဒီမှာ ဆောက်လုပ်ရေးရုံးချုပ်သို့ လုပ်ငန်းကိုင်ခန်းနဲ့လုပ်တဲ့အခါမှာ ဆောက်လုပ်ရေးရုံးချုပ်မှာ ပစ္စည်းတွေဘာတွေ သွားပြီးတော့တောင်းဆိုတယ်။ Item ဘာတွေ သွားတင်ဖို့သွားတဲ့အခါမှာ အဲဒီမြို့တစ်မြို့က အင်ဂျင်နီယာတစ်ယောက်က အစ်ကိုကြီး၊ အစ်ကိုကြီး။ အစ်ကိုကြီး ကျွန်တော်တို့မြို့ကိုရောက်တုန်းက ကျွန်တော်က ကိုးတန်းပဲရှိပါသေးတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကိုးတန်းပဲရှိတယ်ဆိုတာ သူပြောတဲ့အချိန်မှာ သူက SAE ကျွန်တော်လည်း SAE ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သူပြောနေတဲ့အချိန်မှာ အဲဒီအချိန်မှာ ကျွန်တော်က SAE ပဲ ရှိပါသေးတယ်။ နောက်သိရတာက သူ EE ဖြစ်သွားပြီလို့သိရပါတယ်။ ကျွန်တော်လည်း SAE နဲ့ ပဲရှိနေပြီး လုပ်သက် ၂၄ နှစ်မှာ AE ရာထူးမပေးချင်လို့လား ဘာလားတော့မသိဘူး။ Special SAE ဆိုပြီးတော့ အထူးအင်ဂျင်နီယာဆိုပြီးတော့ ရာထူးကိုတိုးခဲ့ပါတယ်။ ၎င်းရာထူးနဲ့ပဲ ကျွန်တော် လေးနှစ်

**မူကြမ်း**

ဆက်တိုက်လုပ်ပြီး အငြိမ်းစားယူခဲ့ရပါတယ်။ ဒါကြောင့် မိမိကကြိုးစားခဲ့ရတာ၊ တကယ်လို့ ကျွန်တော် မကြိုးစားခဲ့ရင် ကျွန်တော်မျှော်မှန်းလို့မရပါဘူး ဒါတွေက။ များစွာမှ ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်တယ်ဆိုတာ ဒီလိုရာထူးတိုးဖို့လုပ်တယ်ဆိုတာ အလွန်အင်မတန်လွယ်ပါတယ်။ ကျွန်တော်တို့ စိတ်ဓာတ်အရ မလုပ်နိုင်တာပါ။ ကျွန်တော် ဘုတလင်မှာ အမှုထမ်းတုန်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကနေပြီးတော့ ဂန့်ဂေါရထားလမ်းတွေဖောက်တဲ့အခါမှာ စီမံထူးချွန်ပေးဖို့လုပ်ပါတယ်။ တိုင်းကနေပြီးတော့ ငွေရေးကြေးရေးနဲ့ ဟာ ဒီရာထူးမလိုချင်ဘူး။ ငါ ငွေရေးကြေးရေးအရ။ ငွေယူပြီး တော့မလိုချင်ပါဘူးလို့ ပြောခဲ့ရပါတယ်။

ဒါ့ကြောင့် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနတိုင်းမှာ ရာထူးတိုးမြှင့်မှု ဥပဒေ၊ နည်းဥပဒေရှိ/မရှိနှင့် ရှိပါက ဥပဒေ၊ နည်းဥပဒေအတိုင်းဆောင်ရွက်ခြင်းရှိ/မရှိသိလိုပါ၍ ကျွန်တော့် လို တစ်နေရာတည်းမှာ ၂၄ နှစ်မကြာအောင် ရိုးသားကြိုးစားပြီးတော့ အလုပ်ကိုပဲအာရုံထားသည့် ဝန်ထမ်းကောင်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်က မေးမြန်းလာတဲ့ ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ ရာထူးတစ်ဆင့်တိုးမြှင့်ရန် ဝန်ကြီးဌာနများတွင် ဥပဒေ၊ နည်းဥပဒေရှိ/မရှိနှင့် ရှိပါက ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့် ပြမေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းခဲ့ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းပထမအချက်ဖြစ်တဲ့ ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ ရာထူးတစ်ဆင့်တိုးမြှင့်ရန် ဝန်ကြီး ဌာနများမှာ ဥပဒေ၊ နည်းဥပဒေရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှာ တာဝန် ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန်အလို့ငှာ နိုင်ငံ့

ဝန်ထမ်းဥပဒေ(၂၀၁၃ ခုနှစ်)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ(၂၀၁၄ ခုနှစ်)ကို ထုတ်ပြန်ပြဋ္ဌာန်းခြင်း မပြုမီကပင် ဝန်ထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်းစတဲ့ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယခင် နိုင်ငံတော်ကောင်စီမှထုတ်ပြန်ထားသည့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင်(၁၉၈၄ ခုနှစ်)၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ(၁၉၈၅ ခုနှစ်)တို့ပါ ပြဋ္ဌာန်းချက်များ၊ ယခင် နိုင်ငံတော်ကောင်စီ၏ ၁၅-၆-၁၉၈၀ ရက်စွဲပါစာအမှတ်၊ ၂၃၀/ညမ-၈၀/ နကစဖြင့် ထုတ်ပြန်ထားသော ဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့်လျော်ညီစေရန် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ဝန်ထမ်းရေးရာကိစ္စရပ်များကို သတင်းရယူအချက်အလက်စုဆောင်းခြင်း၊ သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ပြီးနောက် နိုင်ငံ့ဝန်ထမ်းများအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန်အလို့ငှာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကနဦးပြုစုရေးသား၍ နှီးနွှယ်ဆက်စပ်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူ၍ နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် ၈-၃-၂၀၁၃ ရက်နေ့တွင် နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်းကောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(က)အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၄)ဖြင့် ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ နိုင်ငံ့ဝန်ထမ်းဥပဒေ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၃ မှ ပုဒ်မ ၃၀ အထိလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေရာထူးတိုးမြှင့်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိလည်းကောင်း တိတိကျကျ ထည့်သွင်းသတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းဒုတိယအချက်ဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို ရာထူးတိုးမြှင့်ခန့်ထားရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပေါင်းစပ်ဖြေကြားရမည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏

**မူကြမ်း**

သဘောထားမှတ်ချက်ကို ညှိနှိုင်းရယူခဲ့ပါတယ်။ အဆိုပါဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ရာထူးတစ်ဆင့်တိုးမြှင့်ရန်အတွက် သီးခြားဥပဒေ၊ နည်းဥပဒေမရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အရည်အချင်းစစ်ဆေးအကဲဖြတ်ပြီး အမြဲတမ်းအတွင်းဝန်ဦးဆောင်၍ ဦးစီးဌာန(၄)ခုမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်ဖွဲ့စည်းထားသော ဝန်ထမ်းရေးရာကော်မတီသို့ ဦးစွာတင်ပြပါကြောင်း၊ ဝန်ထမ်းရေးရာကော်မတီမှ သဘောတူညီပါက ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာ ရာထူးတိုးမြှင့်ပေးခြင်းဖြစ်ပါကြောင်း ပြန်ကြားလာခဲ့ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားရာတွင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၌ သီးခြားဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားခြင်းမရှိဘဲ နိုင်ငံ့ဝန်ထမ်းများအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန်အလို့ငှာ လွှမ်းခြုံပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများကို ရာထူးတိုးမြှင့်ခန့်ထားရေးနှင့်စပ်လျဉ်း၍ ယခင်ဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ခန့်ထားရေးကိစ္စရပ်များကို ဆောင်ရွက်ရာမှာ ရာထူးအဆင့်အလိုက်သတ်မှတ်ထားသည့် ပညာအရည်အချင်းနှင့်ပြည့်စုံမှုမရှိခြင်း၊ ကျွမ်းကျင်မှုအရည်အချင်းနှင့် ပြည့်စုံမှုမရှိခြင်း၊ သတ်မှတ် လက်ရှိရာထူးသက်မပြည့်မီခြင်း၊ တိုးမြှင့်ခန့်ထားရမည့်ရာထူးနေရာ လစ်လပ်မှုမရှိခြင်း၊ ရာထူးနေရာ လစ်လပ်သော်လည်း ရာထူးစုအမျိုးအစားမတူညီခြင်းတို့ကြောင့် ရာထူးတိုးမြှင့်မပေးနိုင်သည့် အကြောင်းရင်းများလည်းရှိနိုင်ပါတယ်။ ယခင် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင် ယခု နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌ ဝန်ထမ်းများ ရာထူးတိုးမြှင့်ခန့်ထားရာတွင် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့်ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တိုးမြှင့်ခန့်ထားမည့်ရာထူးတာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်မည့်ဝန်ထမ်းများကို အရည်အချင်းစစ်ဆေးအကဲဖြတ်ရွေးချယ်ပြီး ရာထူးတိုးမြှင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိချက်အရ သတ်မှတ်ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ လက်ရှိရာထူးသက်၊ လုပ်သက်

တို့နှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးရေးအတွက် အရည်အချင်းစစ်ဆေးရာတွင် ရေး/ဖြေစစ်ဆေးခြင်း၊ လက်တွေ့စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ လုပ်သက်အမှတ်ပေးခြင်းနှင့် အကဲဖြတ်အမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပါတယ်။ အကဲဖြတ်အမှတ်ပေးရာမှာ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်တည်မှီ၍ အမှတ်ပေးပြီး အမှတ်အများ/အနည်းအလိုက် တန်းစီဇယားရေးဆွဲကာ တိုးမြှင့်ခန့်ထားပေးလျက်ရှိပါကြောင်းနှင့် လုပ်သက်အမှတ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(ခ)ပါ အမှတ်ပေးသတ်မှတ်ချက်နှင့်အညီ လုပ်သက်အနည်း/အများအပေါ်မူတည်၍ အမှတ်ရရှိမည်ဖြစ်ပြီး လုပ်သက်များသော်လည်း အရည်အချင်းစစ်ဆေးအကဲဖြတ်အမှတ်များမှာမူ တူညီနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကိုအခြေပြု၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အကဲဖြတ်အမှတ်ပေးရာတွင် လုပ်ငန်းသဘောသဘာဝများပေါ်တည်မှီ၍ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးဆောင်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃၅ နည်းဥပဒေခွဲ(ဆ)နှင့် နည်းဥပဒေ ၄၇ တို့ပါ စိစစ်အကဲဖြတ်အမှတ်ပေးရမည့် အရည်အချင်းသတ်မှတ်ချက်များအပေါ် တစ်ချက်ချင်းအလိုက် အသေးစိတ်ဖြည့်စွက်မည့် သတ်မှတ်ချက်များကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ လစာနှုန်းတူရာထူးအဆင့်များအား ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် အကဲဖြတ်မှတ်တမ်းနှင့် တန်းစီဇယားများကို ၉-၈-၂၀၁၆ ရက်စွဲပါစာဖြင့် ညှိနှိုင်းရယူခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ အကဲဖြတ်မှတ်တမ်းနှင့် တန်းစီဇယားများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ပြီး ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း လက်ရှိဆောင်ရွက်နေသည့်အခြေအနေများကိုလည်း သိရှိနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ မေးခွန်းဖြေကြားပေးတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များအား Stay Permit ကို ပထမအကြိမ် လျှောက်ထားပါက သုံးလ၊ ဒုတိယအကြိမ်လျှောက်ထားပါက ခြောက်လနှင့် တတိယအကြိမ် လျှောက်ထားပါက တစ်နှစ်ပေးရမည့်အစား တစ်ခါလျှောက်လျှင် တစ်နှစ်သို့ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များအား Stay Permit ကို လျှောက်ထားရာတွင် ပထမအကြိမ် လျှောက်ထားပါက သုံးလ၊ ဒုတိယအကြိမ် လျှောက်ထားပါက ခြောက်လနှင့် တတိယအကြိမ်လျှောက်ထားပါက တစ်နှစ်ပေးမည့်အစား တစ်ခါလျှောက်လျှင်တစ်နှစ်သို့ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းပါ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘေးကာလပြီးကတည်းက ကမ္ဘာကြီးမှာ တိုင်းပြည်စီးပွားရေးတွေတိုးတက်ဖို့အတွက် စိတ်ကူးသစ်တစ်ခုရလာပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ တိုင်းပြည်တစ်တိုင်းပြည်မှာ စီးပွားရေးတိုးတက်ချင်ရင် FDI လို့ခေါ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ကမ်းလှမ်းရတဲ့ ခေတ်ကြီးရဲ့အတွေးအခေါ်တွေရောက်လာပါတယ်။ ဒါကြောင့်လည်း တစ်ကမ္ဘာလုံးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI) Cross Border Investment ဆိုတာ ပေါ်လာပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပါတီမူဝါဒမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ရန်ဆိုပြီး မူဝါဒရှိသလို ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော်မှာလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပိုမိုပျော့ပျောင်းသော၊ ပိုမိုလွတ်လပ်သော၊ လက်တွေ့ကျသောဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့ ရင်းနှီးမြှုပ်နှံကို ကျွန်တော်တို့လို ပထမနိုင်ငံလေးမှာ မပြောနဲ့ အမေရိကန်လို နိုင်ငံကြီးမှာတောင် သူ့တိုင်းပြည်မှာလာပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဒေါ်လာငါးသိန်းပါလာလို့ရှိရင် Green Card ပေးမယ်ဆိုတာမျိုး၊ ဒီနေ့ခေတ်မှာ ကမ္ဘာ့ဂျာနယ်တွေမှာ သူတို့က ဘယ်သူ့တိုင်းပြည်က ဘယ်လိုမြေ

တွေငှားလို့ရတယ်။ ဘယ်လို Incentive တွေပေးတယ်ဆိုပြီးတော့ ပေးနေကြပါတယ်။ အဲဒီတော့ ဆိုလိုချင်တာက ဒီ Investment ကိုရဖို့အတွက် ဆွဲဆောင်မှုတွေလုပ်ကြပါတယ်။ နောက်ပြီးတော့ အချို့တိုင်းပြည်တွေမှာ Investment Promotion Board တွေ၊ နောက်တစ်ခါ Trade Promotion Board တွေ ဒါမျိုးတွေက ရင်းနှီးမြှုပ်နှံတဲ့သူတွေကို တစ်ခါတည်း ပေါ့ပေါ့ပါးပါးလွယ်လွယ်ကူကူနဲ့ ရင်းနှီးမြှုပ်နှံလို့ရအောင်။ သူက အဆောင်အယောင်ပေါ့နော်။ Warmly Welcome လုပ်ကြရပါတယ်။ ဒါဘာလို့လဲဆိုတော့ တိုင်းပြည်အတွက် အရေးကြီးလို့ပါ။ အဲဒီတော့ အခု ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကုမ္ပဏီဥပဒေအရပဲဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရပဲဖြစ်ဖြစ် နိုင်ငံခြားသားတွေဟာ လာရောက်ရင်းနှီးမြှုပ်နှံကြလို့ရှိရင် ကျွန်တော်တို့က ဒီ ကုမ္ပဏီ Board of Director မှာပါတဲ့သူတွေ၊ ကုမ္ပဏီက ခန့်ထားတဲ့သူတွေအတွက် Stay Permit ကိုလျှောက်ရပါတယ်။ ဘာလို့လဲဆိုတော့ သူက ဒီမှာနေမှာကို။ အဲဒီလိုလျှောက်တဲ့အခါမှာ ကျွန်တော်တို့က DICA ကို လျှောက်ပါတယ်။ DICA ဆိုတာကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။ သူကနေပြီး ခွင့်ပြုလိုက်တဲ့အခါမှာ ကျွန်တော်တို့က ဘယ်ကိုလျှောက်ရသလဲဆိုရင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနကို သူ့ရဲ့ဥပဒေအရ Foreigner Registration ဆိုတဲ့သဘောမျိုးနဲ့ သူက လျှောက်ရပါတယ်။ လျှောက်တဲ့အခါ ပထမအပိုင်းတုန်းက ဖွင့်ဖွင့်ချင်းမှာ နိုင်ငံခြားသားနှစ်ယောက်။ ကျွန်တော်ရဲ့ကိုယ်ပိုင်အတွေ့ အကြုံပါ။ ရိုမေးနီးယားနှစ်ယောက်ကို သူတို့က Stay Permit ကို One Year ပေးလိုက်ပါတယ်။ ပေးလည်းပေးပြီးရော ကျွန်တော်တို့က တစ်ခါတောင်းရင် ဒေါ်လာ ၂၇၀ လောက် နိုင်ငံတော်ကိုသွင်းရပါတယ်။ အဲဒီလို ရလိုက်ပါတယ်။ ရလိုက်ပြီးတော့ ဒုတိယအကြိမ်လျှောက်လည်းလျှောက်ရော နောက်တစ်ခါလည်းကျရော ကျွန်တော်က နိုင်ငံခြားသား ဂျပန်ကြီးတွေကိုရှင်းပြတယ်။ ကျွန်တော်က တစ်နှစ်ရတယ်ဆိုတော့ ရုံးကလည်း မဟုတ်တော့ပါဘူးတဲ့ အခုလျှောက်ရင် ပထမတစ်ကြိမ် သုံးလ၊ နောက်တစ်ခါ ခြောက်လတဲ့။ နောက်တစ်ခါကျမှ တစ်နှစ်ရပါတယ်ဆိုတော့ ဒါတွေဟာ ရှုပ်ထွေးအောင်လုပ်တာ။ အမှန်ဆိုရင် ရိုးရိုးရှင်းရှင်းလေး သူများတိုင်းပြည်တွေမှာလည်း Multi-entry Visa လျှောက်တယ်။ Stay Permit ကို တစ်နှစ်ပေးကြတာပဲ။ အခုကျမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားညွှန်ကြားရေးမှူးဌာနကနေပြီးတော့ ဘာဖြစ်လာလဲဆိုတော့ ဒီဥစ္စာကိုသုံးလတို့၊ ခြောက်လတို့ဆိုပြီးတော့ အဖွယ်ဖွယ်အရာရာတွေ လုပ်လာတယ်။ ကျွန်တော်တို့က ဒီနေ့ခေတ်မှာ ရင်းနှီးမြှုပ်နှံမှုတွေရဖို့အတွက် ကမ္ဘာကြီးနဲ့ပြိုင်ဖို့အတွက် Investor Friendly ဖြစ်အောင်လုပ်ရပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အနှောင့်အယှက်တွေ၊ စည်းကမ်းတွေ၊ ပေတံတွေနဲ့

သိပ်လုပ်လာလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံက အမေရိကလည်းသွားရသေးတယ်။ ဂျပန်လည်းသွားရသေးတယ်။ Investor တွေကို ဆွဲဆောင်နေတဲ့အချိန်မှာ တစ်ဖက်က ဆွဲဆောင်မှုတွေနဲ့ ခေါ်နေတဲ့အချိန်မှာ တစ်ဖက်က အနှောင့်အယှက်တွေ ပေးနေတာဟာဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတွေအတွက် အဆင်မပြေနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မေးခွန်းဖြစ်တဲ့ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များကို Stay Permit ပေးခြင်းကို တစ်ခါတည်း တစ်ခါလျှောက်လျှင် တစ်နှစ်ပေးဖို့အတွက် ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်သူ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းကို ဖြေကြားရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပါပဲ ယခင်တုန်းကတော့ မြန်မာနိုင်ငံသို့ လာရောက်ပြီးတော့မှ စီးပွားရေးလုပ်ငန်းလုပ်ဆောင်တဲ့ နိုင်ငံခြားသားများကို ပထမဆုံးအကြိမ်ဆိုရင် နေခွင့်သက်တမ်း သုံးလခွင့်ပြုခဲ့ပါတယ်။ ဒုတိယအကြိမ်မှာဆိုရင်လည်းပဲ ခြောက်လသက်တမ်းခွင့်ပြုပြီးတော့မှ သက်တမ်းတိုးမယ်ဆိုရင်တော့ တတိယအကြိမ်မှာ အများဆုံး တစ်နှစ်အထိ ကျွန်တော်တို့ ပေးခဲ့ပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ဖြေလျှော့မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မြန်မာနိုင်ငံနဲ့ လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ဗီဇာများနှင့် လာရောက်ခဲ့တဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်သမားများအတွက် နေခွင့်သက်တမ်းကို ၎င်းတို့ရဲ့ဆန္ဒအရ

ခြောက်လ သို့မဟုတ် တစ်နှစ်တိုးခွင့်ပြုရန် သက်တမ်းရှိတဲ့ကုမ္ပဏီ၊ မှတ်ပုံတင်ရှိတဲ့ကုမ္ပဏီများ၊ Work Permit များနှင့် တင်ပြလာမယ်ဆိုလို့ရှိရင်၊ လျှောက်ထားလာမယ်ဆိုလို့ရှိရင် ခြောက်လကနေ တစ်နှစ်အထိ ဖြေလျှော့ဖို့ အစီအစဉ်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေပြီးပြီလေ။ အခုနက မရှင်းလိုက်ဘူးထင်တယ်။ အခု အဲဒီ ဖြေလျှော့တာ ခြောက်လကနေ တစ်နှစ်ပေးဖို့အတွက် စီစဉ်နေပြီလို့ ဖြေသွားပြီးပြီ။ အဲဒီ လိုချင်နေတဲ့အဖြေမဟုတ်ဘူးလား။ တစ်နှစ်အထိတောင်းတာ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ကျွန်တော်က စလျှောက်ကတည်းက လျှောက်တာနဲ့။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ အခုက ဖြေတဲ့အထဲမှာ နားမရှင်းဘူးထင်တယ်။ အခုပေးနေတာ ခြောက်လ။ ခြောက်လကနေ တစ်နှစ်ပေးဖို့ ဖြေလျှော့ဖို့ စီစဉ်နေပြီလို့ ဖြေသွားပြီးပြီ။ အဲဒါ ကိုယ်လိုချင်နေတဲ့အဖြေမဟုတ်ဘူးလား။ ဘာများအတွေးချော်နေလဲမသိဘူး။ ကဲ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်ရှင်းပေးလိုက်ပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်က သက်ဆိုင်ရာ နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်က ခြောက်လပဲလိုချင်တယ်ဆိုလည်း ခြောက်လပေးပါမယ်။ တစ်နှစ်လိုချင်လည်းပဲ တစ်ခါတည်းတစ်နှစ်ပေးဖို့ စီစဉ်ထားကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စောစောတုန်းက ပြည်ထောင်စုဝန်ကြီးကပဲ အသံတိုးလို့လား။ ဒါမှမဟုတ်လို့ ပုဇွန်တောင်မဲဆန္ဒနယ်က ဦးမြင့်လွင်ကပဲ နားနည်းနည်းလေးလို့လားတော့မသိဘူး။ ရှင်းနေတာကို ရှုပ်အောင်လုပ်နေတယ်။

**မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရထားရှိသည့် မြို့ဝင်၊ မြို့ထွက်ဂိတ်များမှအပ ကျန်ဒေသများရှိမြို့ဝင်၊ မြို့ထွက်ဂိတ်များကို ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျန်းမာပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ တည်ငြိမ်အေးချမ်းမှုရှိတဲ့ဒေသများမှာရှိတဲ့ မြို့နယ်မြို့များမှာ မြို့ဝင်၊ မြို့ထွက်ဂိတ်များကို ရုပ်သိမ်းပေးစေလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ-မန္တလေးပြည်ထောင်စုလမ်းမကြီးပေါ်မှာ လမ်းသုံးစွဲခကောက်ခံနေတဲ့ Toll Gate ကြီး သုံးခုမှအပ အခြားဂိတ်များ မရှိပါခင်ဗျား။ ယနေ့ခေတ် မိသားစုတိုင်းလိုလို အသုံးပြုနေသော မော်တော်ဆိုင်ကယ်များကိုလည်း ဂိတ်မှငွေကောက်ခံခြင်း မရှိပါခင်ဗျား။ ကျွန်တော်တို့ ဘုတလင်၊ ဒီပဲယင်း၊ ရေဦးကိုဖြတ်သန်းသွားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာတော့ မုံရွာ-ရေဦး မိုင် ၅၀ အတွင်း ဘုတလင်မြို့နယ်မှာ Toll Gate ရှိတဲ့အပြင် မြို့ဝင်ဂိတ်လည်း ထားပါတယ်။ ထော်လာဂျီတွေရော၊ ကားတွေရော၊ မော်တော်ဆိုင်ကယ်တွေကိုလည်း ပိုက်ဆံကောက်ပါတယ်။ ဒီပဲယင်းမှာလည်း ဂိတ်တွေရှိပါတယ်။ ရေဦးမြို့ဘက်အထွက်မှာဆိုလို့ရှိရင် ဂိတ်က နှစ်ဆင့်ရှိတဲ့အတွက် သုံးဂိတ်တောင် ဖြစ်နေပါတယ်။ နောက် ခပ်လှမ်းလှမ်းမှာရှိ ကိုးမိုင်လောက်ပဲရှိတဲ့ ရေဦးရောက်ပြန်တော့လည်း ရေဦးမြို့မှာ ဂိတ်နှစ်ဆင့်ရှိပါတယ်။ ရေဦးကထွက်တော့လည်း ခင်ဦးဘက်ကိုထွက်အခါကျတော့လည်း ဂိတ်နှစ်ဆင့်ရှိတာကို တွေ့ရပါတယ်။ ရွှေဘိုရောက်တော့ ဂိတ်သုံးမထားသော်လည်း ဆိပ်ခွန်မှအဝင် ညောင်ပင်သာအဝင်လမ်းတွေမှာ ဆိုင်ကယ်တွေ၊ ကားတွေကို လူငယ်လေးလေးယောက်က တန်းစီပြီးတော့ ဆိုင်ကယ်တွေကို ၁၀၀ ကျပ် လိုက်ကောက်ပါတယ်။ ဝက်လက်မှာဆိုရင် ခြောက်ဂိတ်တောင်ရှိတယ်လို့သိရပါတယ်။ ဒီဂိတ်တွေကို ဖြတ်သန်းသွားလာတဲ့ မြို့ခံမိဘပြည်သူတွေအနေနဲ့လည်း မကြာခဏဆိုသလို ဆဲဆိုစကားများ၊ ရန်ဖြစ်ကြတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မုံရွာလမ်းမကြီးနှင့် မုံရွာ-ရေဦးလမ်းမကြီးပေါ်မှာ ခရီးသွားလာနေကြတဲ့ ဆိုင်ကယ်စီးမိဘပြည်သူများကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကတရားများ ပိုမိုထွန်းကားတိုးတက်ရေးဆိုတဲ့အချက်ဟာ တိမ်းစောင်းနေတာကို တွေ့ရပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးမှာလည်း နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ပုဒ်မ ၃၄၇ နဲ့လည်း မညီမညွတ်ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ပြီးတော့ ဂိတ်ဆိုလျှင် ရင်တထိတ်ထိတ်နဲ့ဖြတ်သန်းခဲ့ရတာ၊ ဆင်းလျှောက်လိုက်ပါဆိုရင် ဆင်း

လျှောက်ခဲ့ရတာ၊ မှတ်ပုံတင်ထုတ် ငုတ်တုတ်နေပါဆိုနေခဲ့ရတာ၊ အထုပ်ဟူသမျှ ဆွဲချ၊ ဖြေပြ၊ ယခင် စစ်ကိုင်း-ပဲကတိုးဂိတ်မှာ ကျွန်တော်တို့ပါတီဝင်၏မိတ်ဆွေ ဘယ်ရာဇဝတ်ပြစ်မှုမှ ကျူးလွန်ခဲ့ရခြင်း မရှိပါဘဲနဲ့ ဆွဲပြီးခေါ်သွားတာ စတာတွေကို တွေ့ကြုံခဲ့ရဖူးပါတယ်။ ပြည်သူတွေကတော့ လက်တွေ့ခံစားခဲ့ရတာတွေ နှစ်ပေါင်းရှည်ကြာခဲ့တဲ့အတွက် ဂိတ်ဆိုလျှင် ဖိနှိပ်ရေးယန္တရားတစ်ခုလိုပဲ မှတ်ထားပါတယ်။ ဒါကြောင့် ဒီမိုကရေစီအစိုးရသစ်ရဲ့ ဥပဓိရုပ်ကို ထိခိုက်စေတယ်လို့ မြင်မိပါတယ်။ နိုင်ငံတော်မှ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေတဲ့အတွက် နယ်စပ်ဒေသများမှအပ နိုင်ငံတော်၏စီးပွားရေးအတွက်အလို့ငှာ ဂိတ်မလိုအပ်ပါခင်ဗျား။ ကျွန်တော်တို့ဒေသဟာ တည်ငြိမ်အေးချမ်းတဲ့အတွက်၊ လုံခြုံရေးအတွက်လည်း ဂိတ်မလိုပါဘူး။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လုံခြုံရေးအရထားရှိသော မြို့ဝင်၊ မြို့ထွက်ဂိတ်များအပ ကျန်ဒေသများမှာရှိတဲ့ မြို့ဝင်၊ မြို့ထွက်ဂိတ်များကိုရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ထွဋ်(ကောင်စီအဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်း မင်္ဂလာပါလို့ ပဏာမတင်ပြလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးရဲ့ ပြန်လည်ဖြေကြားချက်များကို ပေါင်းစပ်ညှိနှိုင်းစုစည်းပြီးတော့ ၎င်းတို့၏ကိုယ်စား နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ပြန်လည်ဖြေကြားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်များမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ ပြဋ္ဌာန်းထားတဲ့ စည်ပင်သာယာရေးအဖွဲ့များရဲ့ အခွင့်အရပ်ရပ်များဆိုင်ရာ လိုင်စင်လုပ်ငန်းများ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့ဝင်/မြို့ထွက်ဂိတ်များထားရှိပြီးတော့ လိုင်စင်များကို တစ်နှစ်တာကာလအတွက် နှစ်စဉ်လေလံစနစ်နဲ့ ကောက်ခံဆောင်ရွက်လျက်ရှိကြကြောင်း ကနဦးတင်ပြအပ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကောက်ခံသော မြို့ဝင်ကြေးများဟာ မြို့တွင်း လမ်းများတွင် ဖြတ်သန်းသွားတဲ့ ယာဉ်များကိုသာ ကောက်ခံခြင်းဖြစ်ပြီးတော့ မြို့ပြစည်ပင်သာယာ ရေးအဖွဲ့များအနေနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေးနဲ့ လမ်းတံတားများပျက်စီးမှု တို့ကို ပြင်ဆင်ဆောင်ရွက်ခြင်းစသည့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ကြရာမှာ မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ မြို့ဝင်ကြေးဝင်ငွေများနဲ့ ကျခံသုံးစွဲနေကြရတဲ့အတွက် အဆိုပါမြို့ဝင်၊ မြို့ထွက်ဂိတ်များအား ရုပ်သိမ်းပေးရန်အစီအစဉ်မရှိပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတို့ရဲ့ကိုယ်စား လေးစားစွာပြန်လည် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီစည်ပင်က မြို့အတွက် ငွေကောက်ခံတာကို ကျွန်တော်တို့မြို့ကနေပြီးတော့ အသုံးမချဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဂိတ်တွေကိုရုပ်သိမ်းလို့ရပါတယ်ခင်ဗျား။ ဒီဂိတ်တွေဟာ ကျွန်တော်တို့အစိုးရသစ်ရဲ့ ဥပဓိရုပ်ကို ထိခိုက်စေပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် မေးနေတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းမေး။ ဒါဟာဖြေဖို့မလိုပါဘူး။

**မြန်မာပြည်တစ်ဝန်းတွင် ကိုင်တွယ်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးပေါ်ရှိ ဆင်တံဆိပ်နှင့်ခြင်္သေ့ တံဆိပ်ရုပ်ပုံများအစား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံပါသော ငွေစက္ကူ များဖြင့် အစားထိုးရိုက်နှိပ်ထုတ်ဝေသုံးစွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော် များအား စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံမြင့်က ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာပြည်တစ်ဝန်းတွင် ကိုင်တွယ်သုံးစွဲ နေသော ငွေစက္ကူအမျိုးမျိုးပေါ်ရှိ ဆင်တံဆိပ်နှင့် ခြင်္သေ့တံဆိပ်ရုပ်ပုံများအစား အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံပါသော ငွေစက္ကူများဖြင့် အစားထိုး ရိုက်နှိပ်ထုတ်ဝေ

သုံးစွဲရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာတစ်လွှားမှာ၊ နိုင်ငံအများအပြားမှာ ငွေစက္ကူတွေ ထုတ်ဝေသုံးစွဲကြရမှာ ပြည်တွင်းပြည်ပ လက်ခံကြသည့် အတိုင်းအတာအပေါ် မူတည်ပြီးတော့ လှည့်လည်သုံးစွဲကြပါတယ်။ ငွေစက္ကူရဲ့မျက်နှာစာမှာ အများအားဖြင့် ဘုရင်တွေ၊ ဘုရင်မတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ အာဇာနည်တွေ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေ၊ ပညာရှင်တွေစသည့်ဖြင့် နိုင်ငံ့သမိုင်းစာမျက်နှာတွေမှာ တင့်တင့်တယ်တယ် ဝံ့ထည်စွာနေရာယူခဲ့ကြတယ်။ သူတို့ရဲ့ရုပ်ပုံလွှာတွေကို လေးစားကြည်ညို၊ မြတ်နိုးစွာဂုဏ်ပြုနေရာပေးကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အမေရိကန်နိုင်ငံရဲ့ငွေစက္ကူပေါ်မှာ ပါတဲ့အတိုင်း ဂျော့ချ်ဝါရှင်တန်၊ နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ မော်စီတုန်းရုပ်ပုံတွေ၊ အိန္ဒိယနိုင်ငံစသည်တို့ရဲ့ ရုပ်ပုံများဖြင့် နိုင်ငံ့ခေါင်းဆောင်များ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေရဲ့ရုပ်ပုံနဲ့ရိုက်နှိပ်ထားတဲ့အတွက် အင်မတန်ကျက်သရေရှိပြီး၊ ဘာကြောင့် ဒီငွေစက္ကူတွေမှာဒီလိုရုပ်ပုံတွေ ရိုက်နှိပ်ထားသလဲလို့ မေးသူရှိလာတဲ့အခါမှာ ကျွန်တော်တို့က ရင်ကော့၊ ခေါင်းမော့ပြီး ဂုဏ်ယူစွာနဲ့ ဖြေကြားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ပီတိဟာ ဘာနဲ့မှမလဲနိုင်တဲ့အရာဖြစ်ပြီး ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သူတွေကို မေ့မနေဘဲ ထိုက်တန်စွာဂုဏ်ပြုခြင်းဟာ အနာဂတ်ကိုပြုစုပျိုးထောင်ခြင်းလည်း ညီပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာလည်း တစ်ချိန်ကအလွန်တရာကျက်သရေရှိပြီး ရင်ကော့၊ ခေါင်းမော့ပြီး ဂုဏ်ယူစွာဖြေကြားနိုင်တဲ့ အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံပါသောငွေစက္ကူများ ထုတ်ဝေသုံးစွဲခဲ့ရပါတယ်။ ယခုမျက်မှောက်ကာလမှာတော့ ကမ္ဘာ့အလယ်မှာနိုင်ငံ့အတွက် ဂုဏ်ယူဝံ့ကြွားနိုင်မှုမရှိတဲ့ ရင်ကော့၊ ခေါင်းမော့နိုင်မှုမရှိတဲ့ ဆင်ရုပ်များ၊ ခြင်္သေ့ရုပ်များဖြင့်သုံးစွဲနေရသည်မှာ တွေးမိတိုင်းစိတ်မကောင်းစရာ၊ ရှက်စရာကောင်းလှပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ ဂုဏ်သတင်းထင်ရှားကျော်ကြားသူတွေရဲ့ ရုပ်ပုံတွေပါတဲ့ ငွေစက္ကူတွေကိုမြင်ရတဲ့ အနာဂတ်လူငယ်တွေအနေနဲ့လည်း လေးစားခြင်း၊ ဂုဏ်ယူခြင်းတွေနဲ့အတူ အားကျခြင်း၊ အတုခိုးခြင်းတွေဖြစ်လာပါတယ်။ အလားတူ ပြည်သူပြည်သားတွေ ခေါင်းဆောင်ဖြစ်စေလိုခြင်းအလို့ငှာ ကြိုးစားလာကြပါလိမ့်မယ်။ သူတစ်ထူးရဲ့ကျေးဇူးကိုသိတတ်ခြင်းဟာ ကောင်းခြင်းမင်္ဂလာပါ။ ဂုဏ်ပြုသင့်တဲ့သူတွေကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုခြင်းကလည်း ကောင်းသောဆောင်ရွက်မှုဖြစ်တဲ့အတွက်ကြောင့် ယခုလက်ရှိထုတ်ဝေသုံးစွဲနေသော ဆင်ရုပ်၊ ခြင်္သေ့

ရုပ်များအစား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါတဲ့ငွေစက္ကူများကို အစားထိုး ထုတ်ဝေသင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အမှတ်မဲ့နေလို့ရှိရင်တော့ နေလို့ရပါတယ်။ ကျွန်တော်တို့ လေးလေးနက်နက်စဉ်းစားကြည့်ရင် အခုမြန်မာတစ်ပြည်လုံးမှာရယ်၊ ခန်းမအတွင်းမှာရှိနေတဲ့ ကျွန်တော်တို့ရဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့၊ ပုဂ္ဂိုလ်တွေရဲ့ အိတ်ထောင်တွေနဲ့ အိတ်ကပ်တွေထဲမှာ အိပ်၊ စား၊ ကာမ ဤသုံးဝပဲသိတဲ့ တိရစ္ဆာန်တွေကို ကျွန်တော်တို့အိတ်ထဲထည့်ထားသလို ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့စကားကို ကျွန်တော်တို့က အငှားသုံးပြောရမယ်ဆိုရင် ကျေးဇူးဆိုတာသိတတ်ခြင်းပါ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး၊ တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံတွေပါတဲ့ငွေစက္ကူတွေကို ထုတ်ဝေလိုက်ခြင်းအားဖြင့် ကျွန်တော်တို့က ကျေးဇူးဆပ်ရာရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာက အခုလက်ရှိထုတ်ဝေသုံးစွဲနေသော ဆင်ရုပ်၊ ခြင်္သေ့ရုပ်များအစား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါတဲ့ ငွေစက္ကူများဖြင့် အစားထိုး ထုတ်ဝေသုံးစွဲရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေ။ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ မြန်မာပြည်တစ်ဝန်းတွင် ကိုင်တွယ်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးအပေါ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံပါသော ငွေစက္ကူများဖြင့်ရိုက်နှိပ်သုံးစွဲရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းအား ဖြေကြားခွင့်ပါ။ ပြည်တွင်းသုံးငွေထုတ်ဝေခြင်းနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၆၂ မှာ ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့်ငွေဒင်္ဂါးများ

ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်ကထုတ်သော ငွေစက္ကူနှင့်ငွေဒင်္ဂါးများသည် နိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ငွေစက္ကူပုံစံများနှင့်ပတ်သက်ပြီးတော့လည်း ပုဒ်မ ၆၅ မှာ ဗဟိုဘဏ်ဟာ ငွေစက္ကူနှင့်ဒင်္ဂါးများ ရဲ့တန်ဖိုး၊ အဆင်အပြင်၊ ဖွဲ့စည်းပါဝင်တဲ့ဝတ္ထုပစ္စည်း၊ အခြားခွဲခြားနိုင်တဲ့ လက္ခဏာများကို အစိုးရ အဖွဲ့ရဲ့သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ငွေစက္ကူအမျိုးအစား ပြောင်းလဲသုံးစွဲခြင်းနှင့်ပတ်သက်ပြီးတော့ ပုဒ်မ ၆၆ မှာ ဗဟိုဘဏ်ဟာ မည်သည့်ငွေစက္ကူအမျိုးအစား ကိုမဆို ပြောင်းလဲသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူများထုတ်ဝေခဲ့ရာမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ၁၉၅၂ ခုနှစ်မှာ ဒေါင်းပုံ၊ ခြင်္သေ့ပုံပါတဲ့ ၁ ကျပ်တန်၊ ၅ ကျပ်တန်၊ ၁၀ တန်၊ ၁၀၀ တန် ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေ ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ၁ ကျပ်တန်၊ ၅ ကျပ်တန်၊ ၁၀ တန်၊ ၁၀၀ တန် ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာလည်း ၁ ကျပ်တန်၊ ၅ ကျပ်တန်၊ ၁၀ တန် ငွေစက္ကူများ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့်ပုံစံသစ်ငွေစက္ကူများ ထုတ်ဝေခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ ၂၀ တန်၊ ၅၀ တန်၊ ၁၀၀ တန် ငွေစက္ကူများကို ခြင်္သေ့ပုံနှင့်ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ကေသရာဇာခြင်္သေ့ပုံနှင့် ၁၀၀၀ တန် ငွေစက္ကူထုတ်ဝေခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မှာ ၂၀၀ တန်၊ ၅၀၀ တန်၊ ၁၀၀၀ တန်များကို အရွယ်အစားသစ်နဲ့ထုတ်ဝေခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ၅၀၀၀ တန်ငွေစက္ကူထုတ်ဝေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ၁၀၀၀၀ တန် ငွေစက္ကူထုတ်ဝေခဲ့ပါတယ်။ ၅၀၀၀ တန် နှင့် ၁၀၀၀၀ တန်ငွေစက္ကူများကို လုံခြုံရေးအဆင့်အတန်းတိုးမြှင့်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ် များမှာ ထပ်မံထုတ်ဝေခဲ့ပါတယ်။ ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေမယ်ဆိုလို့ရှိရင် လှည့်လည်သုံးစွဲ လျက်ရှိတဲ့ငွေပမာဏကို လဲလှယ်ပေးနိုင်ဖို့အတွက် လှည့်လည်သုံးစွဲလျက်ရှိတဲ့ ပမာဏနီးပါးကို မှာကြားရိုက်နှိပ်သိုလှောင်ထားရမှာ ဖြစ်ပါတယ်။ လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူ Denomination တစ်ခုကို အပြည့်အဝလဲလှယ်ပေးနိုင်ဖို့ဆိုရင်တော့ ရိုက်နှိပ်သိုလှောင်ရမယ်ဆိုရင် ဘီလီယံ ၁၀၀ လောက်ကုန်ကျမှာဖြစ်ပါတယ်။ ဒါဟာ Denomination တစ်ခုအတွက်ပဲ ဖြစ်ပါတယ်။ အားလုံးအသုံးများတဲ့ Denominations တွေအတွက်ရိုက်နှိပ်မယ်ဆိုလို့ရှိရင်တော့ ဘီလီယံ ၃၀၀ လောက်ကုန်ကျဖွယ်ရှိပါတယ်။ ပုံစံသစ်ငွေစက္ကူတွေ ထုတ်ဝေမယ်ဆိုလို့ရှိရင် လက်ရှိလှည့်လည်

သုံးစွဲနေတဲ့ငွေစက္ကူတွေကိုလည်း ဖျက်ဆီးဖို့လိုအပ်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကုန်ကျစရိတ်ပိုမို လာဖို့ရှိတာရယ်၊ ပုံစံအမျိုးမျိုးရှိနေတဲ့အတွက် ပြည်သူများက ငွေစက္ကူပေါ်မှာ ယုံကြည်မှုအားနည်း လာနိုင်တာတို့ကို ထည့်သွင်းစဉ်းစားလို့ရှိရင် ငွေစက္ကူပေါ်မှာ မရေမရာ၊ ဇဝေဇဝါ ဖြစ်ပေါ်ခြင်းတွေ ရှိလာနိုင်တဲ့အတွက် လက်ရှိလှည့်လည်သုံးစွဲငွေများမှာ လဲလှယ်ဖို့အတွက်လည်း အခက်အခဲရှိတဲ့ အတွက် ကျွန်တော်တို့မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူများကို နိုင်ငံစီးပွားရေးတည်ငြိမ်တဲ့ အချိန်မှာ အနှောင့်အယှက်မဖြစ်စေနိုင်တဲ့ သင့်လျော်သောကာလမှာ ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ငွေစက္ကူရိုက်နှိပ်ရာမှာ ငွေစက္ကူဒီဇိုင်းရေးဆွဲခြင်း၊ ဒီဇိုင်းအတည်ပြုခြင်း၊ မှာကြားခြင်း၊ ရိုက်နှိပ်ခြင်း၊ ကြိုတင်သိုလှောင်ထားရှိခြင်းလုပ်ငန်းစဉ်များ ရှိတဲ့အတွက် အချိန်ကာလတိကျစွာသတ်မှတ်နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်တို့ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို မည်သည့်အချိန် တွင်အပြီးရေးဆွဲမည်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးများ ဖွဲ့စည်း ခန့်အပ်မှုကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်မည်၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဝန်ကြီးဌာန၏ ရန်ပုံငွေနှင့် ဝန်ထမ်းခန့်အပ်မှုကို မည်သည့်အချိန်တွင်စတင်မည်၊ ကာကွယ် စောင့်ရှောက်သည့်ဥပဒေသည် ကုညီထောက်ပံ့သည့် အဓိပ္ပာယ်ဟုတ်/မဟုတ်တို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ဥပဒေ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလူမျိုးများဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာတင်ပြလိုပါတယ်။ ယခု ဥပဒေမှာဖွင့်ဆိုထားတာက တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်စဉ် စဉ်ဆက်မပြတ်နေထိုင်လာခဲ့ကြသော လူမျိုးများကိုဆိုသည်လို့ဆိုထားတဲ့အတွက်

စဉ်ဆက်မပြတ်နေလာခဲ့ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ လူမျိုးစု ၁၃၅ မျိုးဟာ တိုင်းရင်းသားလူမျိုးတွေပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားဆိုတဲ့စကားရပ်ဟာ အားလုံးနှင့် သက်ဆိုင်ကြောင်းကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဆိုတဲ့စကား ရပ်ဟာ အားလုံးနှင့်သက်ဆိုင်ပါတယ်။ ပုဒ်မ ၆ ပုဒ်မခွဲ(ခ) မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ ရေးဆိုတဲ့စကားရပ်လည်း အားလုံးနှင့်သက်ဆိုင်ပါတယ်။ ပုဒ်မ ၁၅ လျော်ကန်သင့်မြတ်သော လူဦးရေ ရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်ခွင့်ဆိုတဲ့ စကားရပ် ဟာလည်း အားလုံးကို ဆိုလိုပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများဟာလည်းပဲ လူနည်းစု၊ လူများစု တိုင်းရင်းသားအားလုံးပါဝင်နေကြပါတယ်။ သို့သော် တချို့ နေရာ၊ တချို့သောပုဂ္ဂိုလ်များ၊ တချို့မီဒီယာများ သုံးစွဲနေတာက တိုင်းရင်းသားဆိုတာဟာ လူနည်းစု လူမျိုးတွေကိုပဲ ရည်ညွှန်းပြောဆိုရေးသား သုံးစွဲနေကြတာကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိရပါတယ်။ ဥပမာ- တိုင်းရင်းသားများအတွက် ရုပ်မြင်သံကြားအစီအစဉ်၊ နောက်တစ်ခု တိုင်းရင်းသားများအစဉ် တစိုက်တောင်းဆိုခဲ့ကြသည့်အတိုင်း၊ နောက်တစ်ခု လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများအားလုံး အစရှိသဖြင့် ရေးသားပြောဆိုမှုတွေဟာ တိုင်းရင်းသားဆိုတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ်ကို လွဲမှားစေနိုင်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ၂၀၁၅ ခုနှစ်အတွင်းက ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေအရ ပြည်ထောင်စုအဆင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီးကို ဖွဲ့စည်းထားရှိနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအသီးသီးကို ဖွဲ့စည်းရအုံးမှာဖြစ်ပါတယ်။ ထို့အတူ ပြဋ္ဌာန်းတဲ့ ဥပဒေကို အပြည့်အဝကျင့်သုံးနိုင်ဖို့ဆိုရင် နည်းဥပဒေရေးဆွဲခြင်း၊ ရန်ပုံငွေခွင့်ပြုပေးခြင်း၊ ဝန်ထမ်း ခန့်ထားခြင်းစတဲ့ လိုအပ်ချက်များကိုလည်း ဆောင်ရွက်ရအုံးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများကို ခေတ်အဆက်ဆက်က ကာကွယ်စောင့်ရှောက်မှုများ အားနည်းခဲ့တာကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်စဉ် ဟာ ကျွန်တော်တို့ရဲ့နိုင်ငံကို ဆင်းရဲတွင်းနက်သထက်နက်စေခဲ့တဲ့ မူလဇစ်မြစ်ပြဿနာတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးနှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကို ခေါ်ယူကျင်းပဆွေးနွေးအဖြေရှာနေကြတာ

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကိုပြဋ္ဌာန်းတာ တစ်နှစ်နဲ့ကိုးလကြာမြင့်ပြီဆိုပေမဲ့လည်း ကျင့်သုံးနိုင်ခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (၁) နည်းဥပဒေကို မည်သည့်ကာလမှာ အပြီးရေးဆွဲပြီး မည်သည့်အချိန်မှာအကောင်အထည်ဖော်ဆောင်ရွက်မည်၊ (၂) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးများ ဖွဲ့စည်းခန့်အပ်မှုကို မည်သည့်အချိန်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ (၃) ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ကြီးဌာနများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေချပေးခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းကို မည်သည့်အချိန် မှာစတင်ဆောင်ရွက်မည်၊ (၄) တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဟာ ကူညီထောက်ပံ့တဲ့အဓိပ္ပာယ်ဟုတ်/မဟုတ်၊ မဟုတ်ပါက တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ကူညီထောက်ပံ့တဲ့ဥပဒေကို သီးခြားပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းရ ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးနိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောင်ခမ်း၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ကို ၂၄-၂-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ ပြီး ယခင်အစိုးရလက်ထက်တွင် ဥပဒေပါ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနကို ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိ သော်လည်း ယခုအစိုးရစတင်ဖွဲ့စည်းချိန်တွင် နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၆ ရက်စွဲပါ ကြော်ငြာ ချက်အမှတ် (၁/၂၀၁၆) အရ ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ယခု တိုင်းရင်း သားလူမျိုးများရေးရာဝန်ကြီးဌာနကိုပါ ထည့်သွင်း၍ စတင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ကြီးများကို ယခင်

အစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခန့်အပ်ခဲ့သည့်နည်းတူ ယခုအစိုးရလက်ထက်တွင်လည်း နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၆ ရက်စွဲပါ အမိန့်အမှတ် ၇/၂၀၁၆ ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၂၉ ဦးကို ခန့်အပ်တာဝန်ပေးခဲ့ ပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ပြည်နယ်/တိုင်းဒေသကြီးဦးစီးရုံးများပါဝင်သည့် ဝန်ထမ်းရာထူးနေရာ ၁၁၃၁ နေရာပါ ဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) က သဘောတူခွင့်ပြုခဲ့ပြီး၊ ၂၀၁၆ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ အရ ရန်ပုံငွေခွဲဝေရရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးများအတွက် ဝန်ထမ်းများစတင်ခန့်ထားရန် နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၃ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသော်လည်း ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွက် ရန်ပုံငွေများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့က ထည့်သွင်းတောင်းခံခဲ့ခြင်းမရှိခဲ့သဖြင့် တိုင်းရင်းသားရေးရာကိစ္စများ ဆောင်ရွက်ရန် အခက်အခဲရှိကြောင်းသိရှိရပါတယ်။ ယခုလာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေတောင်းခံရာတွင် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရေး ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနနှစ်ခု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်ဖွဲ့စည်း၍ ဝန်ထမ်းများခန့်အပ်သွားမည်ဖြစ်ပြီး အဆိုပါရုံးများသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ရုံးသဖွယ်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ကူညီထောက်ပံ့သည့် အမိပ္ပာယ်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်သည်

**မူကြမ်း**

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က) အရ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသော တိုင်းရင်းသားသည် တိုင်းရင်းသားဖြစ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံသားဖြစ်သည့် နိုင်ငံသားဖြစ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံသားများဖြစ်သည့် တိုင်းရင်းသားများသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများကို လွတ်လပ်စွာဆောင်ရွက်ခွင့်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ရယူဆောင်ရွက်ခွင့်စသည့် မွေးရာပါအခွင့်အရေးများကို နိုင်ငံတော်က အကာအကွယ်ပေးစောင့်ရှောက်မှုပြုရန် တာဝန်ရှိသည်နှင့်အညီ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

တိုင်းရင်းသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ကိစ္စရပ်မှာ သာမန်ကူညီ ထောက်ပံ့ပေးရမည့်လုပ်ငန်းမဟုတ်ဘဲ ၎င်းတို့၏ မွေးရာပါအခွင့်အရေးအရ နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားများအပြည့်အဝရရှိရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် ဖွံ့ဖြိုးရေးကူညီထောက်ပံ့သည့်ဥပဒေကို သီးခြားပြဋ္ဌာန်းရန်အစီအစဉ်မရှိပါ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာနဖွဲ့စည်းပြီးတဲ့နောက် ဥပဒေများရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းပြီးတစ်နှစ်ကျော်မှ စတင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ဝန်ကြီးဌာနလုပ်ငန်းအတွေ့အကြုံနုငယ်သေးခြင်း၊ ဝန်ထမ်းများကို စတင်ခန့်အပ်ထားရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံမှုမရှိသေးခြင်းတို့ကြောင့် နည်းဥပဒေကို အဆောတလျင်ရေးဆွဲခြင်းမပြုနိုင်သေးခြင်းဖြစ်ပါတယ်။ သို့သော်လုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်၍ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ နည်းဥပဒေရေးဆွဲနိုင်ရန် အစိုးရနှင့်အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက အကြံပြုချက်များကိုလည်း ရယူပြီး ဝန်ကြီးဌာန၏ လုပ်ငန်းအတွေ့အကြုံနှင့် ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ခိုင်မာလာသည့်အချိန်တွင် နည်းဥပဒေကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ခုနဖြေကြားပေးတဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဝန်ကြီး ဖြေကြားတဲ့အထဲမှာ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦး ခန့်အပ်ပြီးပြီလို့ ကျွန်တော့်အနေနဲ့ ကြားလိုက်မိပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းက တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ လက်ရှိရွေးကောက်ခံ တိုင်းရင်းသားဝန်ကြီးများနဲ့ အခုခန့်အပ်မယ့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးတို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် ကွဲပြားခြားနားမှုက ဘယ်လိုရှိပါသလဲ။ ရွေးကောက်ခံနှင့် ခန့်အပ်ခံဝန်ကြီးများ ပူးပေါင်း ဆောင်ရွက်ကြမှာလား။ ဒါမှမဟုတ် သီးခြားတာဝန်ကိုယ်စီနှင့် ဆောင်ရွက်ကြမှာလား။ ဘယ်လို ဆောင်ရွက်ကြမလဲ ဆိုတာလည်း သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးနိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ ဒေသခံတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး အလုပ်သဘောအရ ဆက်စပ်မှုပြုရန် ဒေသခံအဖွဲ့အစည်း NGO ခုနတုန်းက ဒေသခံလူမျိုးများ၏ အဖွဲ့အစည်းမှတစ်ဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများမှ လိုအပ်ပါတင်ပြချက်များကို စုစည်းပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဆီတင်ပြမယ်။ ပြီးမှတစ်ဆင့် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ ဖြေရှင်းလို့အဆင်မပြေမှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရဆီရောက်လာရင် သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော်တို့ဆက်သွယ်ပေးမယ်။ ဥပမာ- ကျွန်တော်တို ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီး၊ နောက်ပြီးတော့ လမ်းပန်းဆက်သွယ် ရေးနှင့်ပတ်သက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားလူမျိုးတွေက အများအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်နယ်ရဲ့ဒေသ အစွန်းအဖျားမှာရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဆိုရင်လည်း နယ်စပ်ရေးရာဝန်ကြီးလက်အောက်မှာရှိတယ်။ အဲဒီမှာ ကျွန်တော်တို့လိုအပ်နေတာ တိုင်းရင်းသားဒေသမှာ ပညာရေးနှင့်ပတ်သက်ပြီးတော့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဗမာစကားမတတ်ကျွမ်းသေးတဲ့ ကလေးတွေကိုသင်ကြားဖို့ အဲဒီတိုင်းဒေသကြီးမှာရှိနေတဲ့ ဒေသခံလူမျိုးက အတတ်နိုင်ဆုံးကျွန်တော်တို့က ကျောင်းဆရာဆရာမတွေ ခန့်အပ်ပြီးတော့ သင်ကြားရင် လျင်မြန်စွာတတ်မြောက်မယ်လို့ ယူဆတယ်။ အဲဒီက ဒေသခံတွေက ကလေးလူငယ်တွေ၊ လူလတ်တွေ၊

**မူကြမ်း**

လူကြီးတွေ ပညာမတတ်တဲ့ အရည်အတွက် ဘယ်လောက်များများရှိလဲ။ အဲဒါတွေကို အဲဒီရဲ့ တိုင်းရင်းသားဒေသခံ တွေနဲ့ ပေါင်းစည်းပြီးတော့ ဘယ်လို ကျွန်တော်တို့က အလွယ်ကူဆုံး၊ အမြန်ဆုံး ထက်မြက်အောင် ပညာနှင့်ဗဟုသုတ တတ်မြောက်အောင် ဘယ်လိုကူညီရမလဲဆိုတာ ကျွန်တော်တို့က အခုကစပြီးတော့ ရေးဆွဲပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီတိုင်းရင်းသားတွေရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသမှာရှိနေတဲ့ ဝန်ကြီးတွေနဲ့ ညှိနှိုင်းပြီးတော့ နှစ်ကြိမ်ကျွန်တော်တို့က တွေ့ဆုံဆွေးနွေး ပြီးတော့ ဘယ်လိုအောက်ခြေဒေသခံတွေနား အမြန်ဆုံး ပညာ၊ ဗဟုသုတကြွယ်ဝဖွံ့ဖြိုးအောင် လုပ်ရမလဲ ဒေသခံတွေရဲ့ ဘက်စုံဖွံ့ဖြိုးရေးတွေဘယ်လိုလုပ်ရမလဲဆိုတာ အဲဒီအောက်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးက ဒေသကစပြီးတော့ ကျွန်တော်တို့ကို တစ်ဆင့်တစ်ဆင့်တင်ပြပြီးတော့မှ ခုနတုန်းက လူကြီးမင်းမေးခွန်းဖြစ်တဲ့ ဒီနည်းဥပဒေတွေကို ဖော်ထုတ်ပြီးတော့ ဆောင်ရွက်သွားမယ်လို့ အဲဒါ ပြောကြားရင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဗန်းမော်မြို့နယ်၊ မင်းကုန်းရပ်ကွက်ရှိ မြေကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀.၀၉၄) ဧက မြေကွက်ပေါ်တွင် ဆောက်လုပ်ခဲ့သော မြို့နယ်မော်တော်ယာဉ်အသင်းပိုင် အဆောက်အဦအား မော်တော်ယာဉ်အသင်းအဖွဲ့ထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ဗန်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်လေ့လာရေးအဖွဲ့ဧည့်သည်တော်များ၊ သက်ဆိုင် ရာပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ မြေကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀.၀၉၄) ဧကရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်သော မြို့နယ်မော်တော်ယာဉ်အသင်းအဖွဲ့ပိုင် အဆောက်အဦအား ၎င်းအသင်းအဖွဲ့အား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ၊ ပေးအပ်လိုပါက မည်သည့်အချိန်၊

မည်သည့်နေ့တွင်ပေးအပ်မည်နည်း။ မပေးအပ်နိုင်ပါက အဘယ်ကြောင့် မပေးအပ်နိုင်သည်ကို ကြယ်ပွင့် ပြမေးခွန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းမြေကွက်ကို ၁၉၅၇ ခုနှစ်၊ ခရိုင်ဝန်ရုံးမြေအမှုတွဲမှ ၂၁၅/၅(၅၆-၅၇)အရ ဥက္ကဋ္ဌ၊ မော်တော်ယာဉ်ရုံးအမည်ဖြင့် မြေငှားလိုင်စင်ရရှိပြီးသားဖြစ်ပါတယ်။ ၎င်းအဆောက်အဦကို မော်တော်ယာဉ်အသင်းမှ အလုပ်အမှုဆောင်များဦးစီး၍ ကားသမားများ ဓာတ်ဆီပန့်တွင်ဆီထုတ်သည့်အခါ တစ်ဂါလန်လျှင် ၅ ပြားနှုန်းကောက်ခံ၍လည်းကောင်း၊ ယာဉ်ငယ် တစ်စီးလျှင် ၁၀ ပြားနှုန်း၊ ယာဉ်ကြီးတစ်စီးလျှင် ၁၅ ကျပ်နှုန်း လစဉ်ကြေးကောက်ခံ၍ မော်တော်ယာဉ် အဆောက်အဦကို ပြီးမြောက်အောင်ဆောက်လုပ်ခဲ့ပြီး မော်တော်ယာဉ်အသင်း၏လုပ်ငန်းတာဝန်များ ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရတက်လာပြီး အသင်းအဖွဲ့များ အားလုံးကို ဖျက်သိမ်းစေခဲ့ရာ မော်တော်ယာဉ်အသင်းတွေ ဖျက်သိမ်းခံခဲ့ရပါသည်။ ၎င်းအဆောက် အဦကိုလည်း အာဏာပိုင်အဖွဲ့အစည်းများဖြစ်သည့် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေး မှူးကော်မတီ၊ (နလက)ကအသုံးပြုခဲ့ပါသည်။ ထို့မှတစ်ဆင့် မြို့နယ်ပြည်သူ့ကောင်စီလက်ထက်တွင် မြို့နယ် အလုပ်သမားအစည်းအရုံး၊ မြို့နယ်တောင်သူများအစည်းအရုံးအဖြစ်လည်းကောင်း ဖွင့်လှစ်၍ အဆင့် ဆင့်အသုံးပြုခဲ့ပါသည်။ မော်တော်ယာဉ်အသင်း မြေငှားလိုင်စင်ရရှိစေကာမူ တောင်သူ လယ်သမား၊ အလုပ်သမားကောင်စီနှင့် အမှုတွဲအမှတ်၊ ၂၀၇/၅(၇၅-၇၆) အရ နှစ်ရှည်ဂရန်ထုတ်ယူ ထားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရ တက်လာပြီးတဲ့ကာလတွင် မော်တော်ယာဉ်အဆောက်အဦအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ် ဦးစီးဌာနမှ ၅-၉-၁၉၈၉ နေ့စွဲပါစာအမှတ်၊ (၁)/မတထွေ ၂၃၁/၂၉၄၉ အရ ဗန်းမော်မြို့နယ် အလုပ်သမားအစည်းအရုံးမှတစ်ဆင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံ ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဗန်းမော်မြို့၏ ၁၂-၉-၁၉၈၉ နေ့စွဲပါစာအမှတ်၊ ၂၂၈၁/၀၄(၁)၁/မဝတအရ မြို့နယ်အလုပ်သမားအစည်းအရုံးအဆောက်အဦကို ၁၅-၉-၁၉၉၈ ရက်နေ့တွင် ဗန်းမော်မြို့နယ် ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့မှ ဗန်းမော်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမြို့နယ်အင်ဂျင်နီယာရုံးသို့ လွှဲပြောင်းပေးခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂၈၄/မတယ/ဗမ-၉၆ အရ ရုံးစာဖြင့် မော်တော်ယာဉ်အသင်းပိုင်အဆောက်အဦအား ပြန်လည်ရရှိရေး ကို ဗန်းမော်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထံ တင်ပြလျှောက်ထားခဲ့ပါသည်။ သို့ပါသော် လည်း မြို့မြေအမှုတွဲအမှတ်၊ ၁၃/၅ မ(၉၆-၉၇)အရ တောင်သူလယ်သမားနဲ့အလုပ်သမားကောင်စီမှာ အမှတ်(၂၁)ထောက်လှမ်းရေးအမည်ဖြင့် လွှဲပြောင်းရယူတယ်လို့ သိရပါသည်။ ထောက်လှမ်းရေးတပ် မှ ရွှေဝါလီကုမ္ပဏီလစာဖြင့် ငှားရမ်းအသုံးပြုခဲ့ပါသည်။ ထောက်လှမ်းရေးတပ်ဖျက်သိမ်းပြီးတဲ့နောက် မှာ ယင်းအဆောက်အဦကို တပ်မတော်စစ်ဘက်ဆိုင်ရာလုံခြုံရေး စရဖ မှဆက်လက်ထိန်းသိမ်းထား ပြီး ပုဂ္ဂလိကမျက်မှန်အရောင်းဆိုင် ဦးမောင်မောင်အား လစာဖြင့် ယနေ့ထိငှားရမ်းထားကြောင်း သိရှိရပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၏ မူလအခွင့်အရေးနှင့်တာဝန်များတွင် ပုဒ်မ ၃၅၆ အရ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိ ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေ အရ ကာကွယ်ပေးရမည်လို့ ပါရှိပါသည်။ သို့ဖြစ်ပါ၍ ခေတ်အဆက်ဆက်မှအဆင့်ဆင့်သိမ်းယူထား သော၊ မူလပိုင်ရှင်များဖြစ်သော မော်တော်ယာဉ်အသင်းအဖွဲ့ပိုင် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ မြေကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ ၀.၀၉၄ ဧကရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထား သော အသင်းပိုင်အဆောက်အဦအား မော်တော်ယာဉ်အသင်းအဖွဲ့ထံပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ၊ ပေးအပ်ပါက မည်သည့်အချိန်တွင်ပေးအပ်ပြီး၊ မပေးအပ်နိုင်ပါက အဘယ်ကြောင့်မပေးအပ် နိုင်တာကို သိရှိလို၍ ဗန်းမော်မြို့နယ်မော်တော်ယာဉ်အသင်းအဖွဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊

ဗန်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာ၊ မြေနေရာမှာ အုတ်ညှပ်နှစ်ထပ်အဆောက်အဦ တစ်လုံးဆောက်လုပ်ထားပြီး အမှတ်(၂) စစ်ဘက်လုံခြုံရေးတပ်စု(ဗန်းမော်)ရဲ့ တပ်ပိုင်မြေဖြစ်ကြောင်း၊ တပ်ပိုင်မြေ အထောက်အထားများအားစိစစ်ရာ မြေစာရင်းပုံစံ(၁၀၅/၁၀၆) အား အမှတ်(၂၁) ထောက်လှမ်းရေးတပ်အမည်ဖြင့်ရယူထားသောမြေနေရာဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်အဖြစ် သိမ်းဆည်းခဲ့ကာ ၁၉၉၇ ခုနှစ်တွင် အိုးအိမ်ဦးစီးဌာနမှ မြေစာရင်းဦးပိုင်မှတ်ပုံတင်စာရင်းစာအုပ်(၁-က) တွင် အမှတ်(၂၁) ထောက်လှမ်းရေးတပ်အမည်ပေါက်အဖြစ် မှတ်သားထားရှိပြီးသော မြေနေရာဖြစ်ပါတယ်။

အဆိုပါမြေနေရာနှင့်အဆောက်အဦအား ၁၉၅၇ ခုနှစ်တွင် ခရိုင်ဝန်ရုံး၏ မြေအမှုတွဲအမှတ်၊ ၂၁၅/၅(၅၆-၅၇) အရဥက္ကဌ၊ မော်တော်ယာဉ်ရုံးအမည်ဖြင့် ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ သုံးနှစ်ခေတ္တမြေငှားလိုင်စင်ထုတ်ပေးခဲ့ကြောင်း၊ ဥက္ကဌ၊ မော်တော်ယာဉ်ရုံးအမည်ဖြင့် ပေးအပ်ခဲ့သည့် သုံးနှစ်လိုင်စင်သည် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၁)(၂)အရ နှစ်သုံးဆယ် ဂရန်မှအပ နှစ်တိုဂရန်၊ လိုင်စင်တို့ကို သက်တမ်းတိုးခွင့်မရှိကြောင်း ပြဋ္ဌာန်းထားချက်အရ သက်တမ်းကုန်ဆုံးပါက လိုင်စင် သို့မဟုတ် မြေငှားဂရန်အသစ် လျှောက်ထားရမည်ဖြစ်သော်လည်း လျှောက်ထားခဲ့ခြင်းမရှိသဖြင့် သုံးနှစ်လိုင်စင်မှာ အလိုအလျောက်ပျက်ပြယ်ပြီး အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်သို့ ရောက်ရှိသွားခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အသင်းအဖွဲ့များ ဖျက်သိမ်းခဲ့သဖြင့် အဆိုပါမြေနှင့် အဆောက်အဦအား ပြည်သူပိုင် သိမ်းယူခဲ့ပြီး ဗန်းမော်မြို့နယ်၊ လုံခြုံရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး (နလက)အဖြစ် အသုံးပြုခဲ့ကြောင်း၊ ၎င်းနောက်မြို့နယ်ပြည်သူ့ကောင်စီလက်ထက်တွင် အဆိုပါမြေအား (၀.၀၉၄)ဧကမှ (၀.၁၄၄) ဧကအထိ မူလဧရိယာထက် ၀.၀၅ ဧက တိုးချဲ့ပြီး မြို့မြေအမှုတွဲ အမှတ်၊ ၂၀၉/၅(၇၅-၇၆) ဖြင့် မြို့နယ်တောင်သူလယ်သမားနှင့် အလုပ်သမားကောင်စီသို့ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်မှ ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်အထိ နှစ်ရှည်မြေငှားဂရန် ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၅

**မူကြမ်း**

ရက်တွင် ဗန်းမော်မြို့နယ် အလုပ်သမားအစည်းအရုံးမှတစ်ဆင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့အပ်နှံခဲ့ပြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်အင်ဂျင်နီယာရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ်တွင် မြို့မြေအမှုတွဲအမှတ်၊ ၁၃/၅မ(၉၆/၉၇) ဖြင့်တောင်သူလယ်သမား နှင့် အလုပ်သမားကောင်စီအမည်မှ အမှတ်(၂၁)ထောက်လှန်းရေးတပ်အမည်သို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် အမှတ်(၂၁) ထောက်လှန်းရေးတပ်ဖျက်သိမ်းချိန်တွင် အမှတ်(၂) စစ်ဘက်ရေးရာလုံခြုံရေးတပ်စု(ဗန်းမော်)မှ ဆက်လက်ထိန်းသိမ်းထားရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေနေရာနှင့် အဆောက်အဦအား ၁၉၇၅ ခုနှစ်နောက်ပိုင်းမှစ၍ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ခေတ္တအသုံးပြုရန် လွှဲပြောင်းပေးခဲ့မှုကြောင့် အစိုးရမှစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာဖြစ်ကြောင်း၊ ဗန်းမော်မြို့နယ် မော်တော်ယာဉ်အသင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ဗန်းမော်မြို့အနောက်သာစည်ရပ်ကွက်၊ ဘီအိုစီလမ်းတွင် အလျား ၂၀ ပေ၊ အနံ ၆၀ ပေရှိ မြေနေရာသစ်အား အစားထိုးပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် လက်ရှိတွင် အဆောက်အဦဆောက်လုပ်၍ မော်တော်ယာဉ်လိုင်း ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါမြေနေရာသည် အမှတ်(၂၁) ထောက်လှမ်းရေးတပ်ဖျက်သိမ်းချိန် ၂၀၀၅ ခုနှစ်မှစတင်၍ အမှတ်(၂)စစ်ဘက်ရေးရာလုံခြုံရေးတပ်စု (ဗန်းမော်)မှ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခဲ့ပြီး စစ်ဘက်ရေးရာ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ယနေ့အထိ အသုံးပြုလျက်ရှိတဲ့နေရာဖြစ်ပါတယ်။ ယခုတိုင်ကြားသူများမှာ ယခင်မူလပိုင်ဆိုင်ခဲ့သည့် ပိုင်ရှင်များမဟုတ်ဘဲ အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ခရိုင်မော်တော်ယာဉ်အဖွဲ့ဝင်များသာဖြစ်ခြင်း၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းမှ ယာဉ်အသင်းနေရာအား အသစ်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် ခရိုင်မော်တော်ယာဉ်အသင်းမှာ မြေနေရာနှင့် အဆောက်အဦရှိပြီးဖြစ်ခြင်းတို့ကြောင့် အမှတ်(၂)စစ်ဘက်ရေးရာလုံခြုံရေးတပ်စု(ဗန်းမော်)မှ တပ်ပိုင်မြေအဖြစ်ဆက်လက်ရယူသွားမည်ဖြစ်ပါသဖြင့် ပြန်လည်ပေးအပ်နိုင်ခြင်းမရှိပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မိုင်းတုံမြို့နယ်ရှိ သံလွင်မြစ်ကူးကြိုးတံတားဂိတ်နှင့် အမှတ်(၂၉၄)တပ်ရင်းဂိတ်တို့အား နံနက်(၆)နာရီ ညနေ(၆)နာရီအစား ည(၈)နာရီအထိ အချိန်တိုးမြှင့်၍ ဖြတ်သန်းသွားလာခွင့်ပြုနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံမဲဆန္ဒနယ်က ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ သွားလာရန်ခက်ခဲသော လမ်းပိုင်းများနဲ့ အဆင့်ဆင့်သောဂိတ်များအား အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာသွားလာနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် သံလွင်မြစ်ကူးတံတားဂိတ်နှင့် အမှတ်(၂၉၄) တပ်ရင်းဂိတ်တို့အား နံနက်(၆)နာရီ၊ ည(၆)နာရီအစား ည(၈)နာရီအထိ အချိန်တိုးမြှင့်ဖြတ်သန်းသွား ခွင့်ပြုပေးနိုင်ပါရန် ပြည်သူ့လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နေထိုင်ရာ မိုင်းတုံမြို့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သံလွင်မြစ်ရဲ့အရှေ့ဘက်ကမ်း ၃၃ မိုင်အကွာမှာ တည်ရှိပြီး အရှေ့ဘက်မှာ မိုင်းဆတ်မြို့နယ်၊ အနောက်ဘက်မှာ မိုင်းပန်မြို့နယ်၊ မြောက်ဘက်မှာ မိုင်းပျဉ်းမြို့နယ်နှင့် တောင်ဘက်မှာ ထိုင်းနိုင်ငံတို့နှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော မြို့လေးဖြစ်ပါတယ်။ အရှေ့မှအနောက်သို့ ၄၅ မိုင်နှင့် တောင်မှမြောက်သို့ ၄၂ မိုင် ရှည်လျားပြီး စတုရန်းမိုင်အားဖြင့် ၂၅၂၂.၂၈၅ မိုင် ကျယ်ဝန်းပါတယ်။ မိုင်းတုံမြို့အတွင်း တပ်မတော်တပ်ရင်း ရှစ်ရင်းနှင့် အခြေကျ စစ်ဗျူဟာတစ်ခု တာဝန်ယူလျက်ရှိပြီး ယခင်က ရှမ်း၊ လားဟူ လူမျိုးအများစုနှင့် ဗမာအနည်းငယ်နေထိုင်ကြသော်လည်း ၂၀၀၀-၂၀၀၁ ခုနှစ်နောက်ပိုင်းမှာ UWSA 'ဝ' တပ်ဖွဲ့များနှင့်အတူ 'ဝ'တိုင်းရင်းသား အများအပြား ပြောင်းရွှေ့လာကြတာ တစ်စတစ်စနှင့် 'ဝ'အင်အားများပြားလာခဲ့ပါသဖြင့် ယခုအခါ 'ဝ'၊ ရှမ်း၊ လားဟူ လူမျိုးအများစုနှင့် ဗမာနှင့်အခြားတိုင်းရင်းသားများအနည်းစု စုပေါင်းနေထိုင်ကြသော မြို့တစ်မြို့ဖြစ်ပါတယ်။ တစ်မြို့နယ်လုံးမှာ လူဦးရေ ၇၀၀၀၀ ကျော်နေထိုင်ကြပါတယ်။ အကြောက်တရားများနှင့် ဖုံးလွှမ်းနေသော မြို့လို့ ဆိုတာလည်းမမှားနိုင်ပါဘူး။ မည်သည့်ဝန်ထမ်းမှ မလာချင်သောမြို့လည်း ဆိုနိုင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခက်ခဲသောနယ်စပ်မြို့တစ်မြို့ဖြစ်သည့်အလျောက် လမ်းပန်းဆက်သွယ်ရေးမှာလည်း ခက်ခဲပြီး ဒေသခံပြည်သူနှင့်တကွ တပ်၊ ဌာနဆိုင်ရာဝန်ထမ်း၊ ဝန်ထမ်းမိသားစုများမှ ကုန်းလမ်းခရီး မော်တော်ယာဉ်ဖြင့်သာ အဓိကအားကိုးအားထားပြု၍ သွားလာနေရသောမြို့တစ်မြို့ဖြစ်သောကြောင့် လမ်းနှင့်တံတားများမှာလည်း အရေးပါလှပါတယ်။ မိုင်းတုံ၊ မိုင်းပန် ၆၆ မိုင်သာရှိသည့်ခရီးတွင် တောင်ဆင်းတောင်တက်လမ်းများဖြစ်သည့်အတွက် အကွေ့အကောက်အလွန်များပြီး အချို့နေရာများတွင် မြေသားများဖြင့်သာ ပြုလုပ်ထားပါသဖြင့် နွေရာသီတွင် ဖုန်တစ်လုံးလုံး၊ မိုးရာသီတွင် ရွှံ့ဗွက်များရုန်း၍ သွားလာရသောကြောင့် Four Wheel များဖြင့်သာ သွားလာကြရပါတယ်။ ယခုအခါ လမ်းများချဲ့ထွင်ခြင်း၊ မြေသားလမ်းများ ညှိပေးခြင်း၊ အချို့နေရာများတွင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများနေ့စဉ် ဆောင်ရွက်ပေးမှုကြောင့် ယခင်လောက်လမ်းများ မဆိုးတော့ဘဲ မိုင်းပန်-မိုင်းတုံ ၆၆ မိုင်ခရီးအား ပွင့်လင်းရာသီမှာ ခြောက်နာရီ၊ မိုးရာသီမှာ ခုနစ်နာရီကြာ မောင်းနှင်နေရပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းတုံမြို့နယ်နှင့် မိုင်းပန်မြို့နယ် နယ်နိမိတ်ထိစပ်ရာ သံလွင်မြစ်အားယခင်က စက်တပ်ဇက်ဖောင်ကြီးများဖြင့် ကူးသန်းခဲ့ရသော်လည်း ၁၉၉၈ ခုနှစ်တွင် သံမဏိသံပေါင်မြစ်ကူးတံတားအား တည်ဆောက်ပေးခဲ့ရာ မိုင်းပန်ဘက်အခြမ်းကြိုးတံတားထိပ်တွင် အမှတ်(၂၉၄) တပ်ရင်းအား ကားလမ်း၏ဘေးဘယ်ညာခွ၍ တည်ဆောက်ထားခဲ့ပါတယ်။ ယခုအခါ ခရီးသွားများ တပ်ရင်းဂိတ်မှတစ်ဆင့် တပ်တွင်းသို့ဖြတ်သန်းမောင်းနှင်နေကြရတာဖြစ်ပြီးတော့ မိုင်းတုံမြို့နှင့် မိုင်းပန်၊ လင်းခေး၊ နမ့်စန်၊ တောင်ကြီး ၂၂၃ မိုင်ခရီးကို နေ့ချင်းပေါက် မောင်းနိုင်သော်လည်း တောင်ကြီးမှ မိုင်းတုံသို့အပြန်ခရီးမှာ တပ်ရင်းဂိတ်မှ နံနက် ၆ နာရီမှ ည ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားပါသဖြင့် မိုင်းတုံသို့ နေ့ချင်း ရောက်အောင်မမောင်းနိုင်တော့ပါ။ သံလွင်မြစ်ကူးကြိုးတံတားစုပေါင်းဂိတ် ညှိနှိုင်း၍အဆင်ပြေသော်လည်း အမှတ်(၂၉၄)တပ်ရင်းဂိတ်အား ဖြတ်သန်းခွင့်မရပါသဖြင့် ကြိုးတံတားဂိတ်သို့လည်းမရောက်နိုင်၊ သံလွင်မြစ်ကိုလည်းမရောက်နိုင်တော့ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်အားဖြတ်ကူးနိုင်ရန် တပ်ရင်းဂိတ်၊ ကြိုးတံတားဂိတ်၊ စုပေါင်းဂိတ်၊ တံတားနှစ်ဖက်ထိပ်ဂိတ်များ အဆင့်ဆင့်သတင်းပို့နှောင့်နှေးကြန့်ကြာစွာ ကူးသန်းသွားလာနေရပါတယ်။ နေ့ချင်းပေါက်သွားလာနိုင်သော ခရီးအား ခက်ခဲသောလမ်းများအဆင့်ဆင့်ဂိတ်များကြောင့်အချိန်ကို နှောင့်နှေးကြန့်ကြာစွာ တစ်ညအိပ်သွားလာနေကြရသည့်အတွက် အချိန်ကုန်၊ ငွေပန်း၊ ခရီးမတွင်ဖြစ်ရသလို ခရီးသွားများ၊ ပြည်သူများအနေဖြင့် စိတ်မချမ်းမသာ စိတ်အနှောင့်အယှက်ဖြစ်နေရပါသဖြင့် ပြည်သူ့ကိုယ်စားမေးမြန်းလိုသည်မှာ သွားလာရန်ခက်ခဲသောလမ်းပိုင်းများနှင့်

အဆင့်ဆင့်သောဂိတ်များအား အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာ သွားလာနိုင်ရေးဆောင်ရွက် ပေးနိုင်ပါရန်နှင့် သံလွင်မြစ်ကူးကြိုးတံတားဂိတ်နှင့် အမှတ်(၂၉၄) တပ်ရင်းဂိတ်သို့အား နံနက် ၆ နာရီ၊ ည ၆ နာရီအစား ည ----။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဦးအောင်ကျော်ဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီး ဌာနနှင့်အတူ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တို့ကို ဆက်သွယ်ထားသော မိုင်းတုံ-မိုင်းပန်လမ်းရဲ့ မိုင်းတုံမြို့နယ်အပိုင်းဖြစ်သော တာဆန်း-မိုင်းတုံလမ်းပိုင်း ဟာ ၃၁ မိုင် ၇ ဖာလုံ ရှည်လျားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကတ္တရာလမ်း ၆ မိုင် ၂.၅ ဖာလုံ၊ အမာခံလမ်း ၂၅ မိုင် ၄.၅ ဖာလုံဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ တာဆန်းမှ မိုင်းတုံသို့ သွားလာရာတွင် ယာဉ်မောင်းနှင်ရန်ကြာမြင့်ချိန်မှာ မိုးတွင်းကာလတွင် နှစ်နာရီခန့်၊ နွေရာသီတွင် တစ်နာရီ ၄၅ မိနစ်ခန့်ဖြစ်၍ လွယ်ကူစွာ သွားလာနိုင်ကြောင်း တွေ့ရှိရပါတယ်။

မိုင်းတုံနှင့် မိုင်းပန်ဆက်သွယ်ရေးလမ်းရဲ့ အဓိကနေရာမှာ သံလွင်မြစ်ကူးတာဆန်းကြိုးတံတား ဖြစ်ပြီး အရှည် ၉၀၀ ပေရှိရာ တံတားတစ်စုံတစ်ရာပျက်စီးမှုမရှိရေးသည် အဓိကအကျဆုံးသော လုံခြုံရေးဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါတယ်။ အဓိကတံတားကြီးဖြစ်သည်နှင့်အညီ ဆက်သွယ်မှု လမ်းကြောင်းပြတ်တောက်မှုမရှိစေရေး၊ လုံခြုံရေးရှိစေရေးနှင့် မူးယစ်ဆေးဝါးများသယ်ဆောင် ရောင်းဝယ်မှုမရှိစေရေးတို့အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လုံခြုံရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ တံတားပေါ်မှဖြတ်သန်းမည့် မူးယစ် ဆေးဝါးများကို အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်တွင် WY စာတမ်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀၊ ကာလတန်ဖိုးကျပ်သန်း ၉၀၀၀ ခန့်၊ ၂၀၁၅ ခုနှစ် မတ်လတွင်

ဘိန်းစိမ်း ၁ ကီလိုဂရမ် နှစ်ထုပ်၊ ၁.၅ ကီလိုဂရမ် ၁၅ ထုပ်၊ ၂ ကီလိုဂရမ် တစ်ထုပ်၊ ၂.၅ ကီလိုဂရမ် တစ်ထုပ်၊ ၃ ကီလိုဂရမ် တစ်ထုပ် စုစုပေါင်း ၂၀ ထုပ်၊ ကာလတန်ဖိုးကျပ် ၁၉၂ သိန်းခန့်နှင့် WY စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀၀ ပြား၊ ကာလတန်ဖိုးကျပ် ၆၅၄ သိန်းခန့်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် အမည်းရောင်ဘိန်းဆီခဲ အလေးချိန် ၅၀၃.၅ ဂရမ်၊ ကာလတန်ဖိုး ၃၂၇၂၇၅ ကျပ်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ဘိန်းစိမ်း ၁.၅ ကီလိုဂရမ် ၅၃ ထုပ်၊ အလေးချိန် ၇၉.၅ ကီလိုဂရမ်၊ ကာလတန်ဖိုး ၅၁၆၇၅၀၀၀ ကျပ်ခန့်၊ ၎င်းအပြင် မိုင်းတုံနယ်မြေနှင့် မိုင်းပန်နယ်မြေ ဆက်စပ်နယ်မြေများသည် အညိုရောင်နယ်မြေအချို့ရှိပြီး အချိန်မရွေးအနက်ရောင် နယ်မြေအဖြစ်သို့ ပြောင်းလဲသွားနိုင်ပါတယ်။ ထိုသို့မဖြစ်စေရန်အတွက် လုံခြုံရေးကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးပေါ့ဆမှုကြောင့် ဆက်သွယ်မှုပြတ်တောက်သွားမှာကို လျစ်လျူရှု၍ မရသည့်အခြေအနေ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မူလသတ်မှတ်အချိန်အတွင်းသာ ဖြတ်သန်းသွားလာခြင်းသည် အကောင်းဆုံး အခြေအနေဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၇-၁၁-၂၀၁၆ ရက်နေ့)မှာ တင်သွင်းသွားတဲ့ အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထား

ရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့ လုပ်ရပ်များမလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ်ခြောက်ဦးရှိပါတယ်။ ပထမဦးစွာ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးတင်သွင်းတဲ့ အိမ်အကူအလုပ်သမားများအပါ အဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင် ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက် ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ရှာဖွေရေးအတွက် အလုပ်သမား တိုင်းမှာ Labour ကတ်များရရှိရန် မှတ်ပုံတင်ရပါတယ်။ တစ်နည်းအားဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး သူတိုင်း အလုပ်ရရှိရန် Labour ကတ်လုပ်ပြီးတော့ အလုပ်ခန့်ထားသူ အလုပ်ရှင်များကလည်းပဲ အလုပ်လျှောက်ထားသူ အလုပ်သမားများထံက Labour ကတ်လိုကြောင်း တောင်းခံလေ့ရှိပါတယ်။ ဒါမှလည်း ဥပဒေကြောင်းအရ အလုပ်သမားမှာ ခိုင်မာမှုရှိပါတယ်။ သို့သော်လည်း ယခုအခါမှာ ဒီလုပ်ထုံးလုပ်နည်းကို လျစ်လျူရှုထားကြတဲ့အတွက် အလုပ်ရှင်များက အလုပ်သမားများအပေါ်မှာ တရားမဲ့ပြုကျင့်မှုများကို လွယ်ကူစွာလုပ်ဆောင်နိုင်ကြတာကိုလည်း တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်အကူအလုပ်သမားအများစုဟာ အမျိုးသမီးငယ်များဖြစ်ကြပါတယ်။ မြို့ပြများမှာ အိမ်အကူမိန်းကလေးငယ်တွေကို အိမ်ဖော်ပွဲစားတွေက အိမ်များမှာဆက်သွယ်အပ်နှံပေး ကြတာ အများစုတွေ့ရပါတယ်။ ဒီမိန်းကလေးအများစုမှာဆိုလည်းပဲ Labour ကတ် မရှိကြပါဘူး။

ဒီအိမ်အကူမိန်းကလေးတွေအတွက် ဘ၀အာမခံချက်ဟာလည်းပဲ အလွန်ပဲမရေရာလှပါဘူး။ စာနာတတ်တဲ့ အိမ်ရှင်တွေနဲ့ ကြုံတွေ့ရတဲ့ အိမ်အကူတွေအတွက် ကံကောင်းတယ်လို့ဆိုရမှာဖြစ်သော်လည်းပဲ လူသားချင်းစာနာထောက်ထားမှုမရှိတဲ့သူတွေနဲ့ ကြုံတွေ့ရတဲ့ အိမ်အကူတွေမှာတော့ သူတို့ကြုံတွေ့ခဲ့ရတဲ့ ကြမ္မာဆိုးတွေကို လွန်ခဲ့တဲ့လပိုင်းများကပဲ ကျွန်တော်တို့အနေနဲ့ စုပ်တသက်သက်တောက်တစ်ခေါက်ခေါက်ဖြစ်ရလောက်အောင် တွေ့မြင်ကြားသိရှိခဲ့ပြီးဖြစ်ကြပါတယ်။ အဲဒီတော့ ဒီလိုအဖြစ်ဆိုးတွေကနေ ကာကွယ်ဖို့ရန်မှာ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ကျွန်တော်တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထမင်းစား ကျွန်ခံဆိုတဲ့ စကားတစ်ရပ်ရှိပါတယ်။ မသေရုံတမယ် ထမင်းကျွေးထားပြီး ကျွန်လိုခိုင်းစေတာ ကျွန်ပြုတာကို ဆိုလိုတာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ဒဏ်ကြောင့် သားသမီးတွေကို မကျွေးနိုင်မမွေးနိုင်လို့ တတ်နိုင်တဲ့သူတွေဆီမှာ မိဘတွေက သားသမီးတွေကိုခိုင်းစေဖို့ အပ်နှံကြပါတယ်။ ဒီလို အပ်နှံရာကနေပြီးတော့ ကလေးသူငယ်တွေဟာ လုပ်သားတွေဖြစ်လာရပါတယ်။ ကလေးများပီပီ ကစားချိန်၊ နားချိန် သူတို့မှာမရှိပါဘူး။ စာသင်ဖို့ဆိုတာလည်းပဲ မမျှော်လင့်ရဲတဲ့ဘ၀တွေဖြစ်လာရပါတယ်။ ဥပဒေအရ အသက် ၁၄ နှစ်အောက် ကလေးသူငယ်တွေကို မခိုင်းစေရလို့ဆိုသော်လည်းပဲ ကျွန်တော်တို့အနေနဲ့ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကလေးငယ်ပေါင်းမြောက်မြားစွာဟာ ၀မ်းစာရှာဖွေစားသောက်နေရတာကိုလည်းပဲ ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကလေးသူငယ်များဟာ အသက် ၁၈ နှစ်မပြည့်သေးတဲ့အတွက် အလုပ်သမားမှတ်ပုံတင်လည်း လုပ်ရင်မရကြပါဘူး။ ကလေးသူငယ်ဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အရ ကလေးသူငယ်တိုင်းဟာ ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက် အလုပ်လုပ်ပိုင်ခွင့်ရှိသည်။ (၂) ဥပဒေအရ သတ်မှတ်ထားသည့် အလုပ်လုပ်ချိန်၊ အားလပ်ခွင့်နှင့် အခြားသက်သာခွင့်များကို ရပိုင်ခွင့်ရှိသည်။ ပုဒ်မ ၂၄ ပုဒ်မခွဲ(ခ)အရ အလုပ်သမား၀န်ကြီးဌာနသည် အလုပ်လုပ်သော ကလေးသူငယ်များလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရပိုင်ခွင့်များ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရေးတို့အတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်ဆိုတာကို ကျွန်တော်တို့အနေနဲ့ အလေးထားပြုစုဖို့လိုအပ်ပါတယ်။ လက်ရှိအခြေအနေများအရ ကလေးလုပ်သားခိုင်းစေခြင်းပပျောက်ရေးကို အကောင်အထည်ဖော်မဆောင်ရွက်နိုင်သေးသော်လည်း ကလေးလုပ်သားများဟာ ညှဉ်းပန်းနှိပ်စက်မှု၊ မနိုင်၀န်

ထမ်းစေပြီး အဓမ္မခိုင်းစေမှုစတာတွေကို ကာကွယ်စောင့်ရှောက်ဖို့ အထူးလိုအပ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်း အလုပ်သမားရေးကဏ္ဍမှာ အလုပ်သမားများကို ပုံစံအမျိုးမျိုးဖြင့် အဓမ္မခိုင်းစေခြင်းကို ရပ်တန့်စေရန် လုပ်ဆောင်သွားမည်။ ဥပဒေနှင့်အညီ ကလေးအလုပ်သမားများရဲ့ အခွင့်အရေးကို အာမခံမည်လို့ ဖော်ပြထားပါတယ်။ အလုပ်သမားတိုင်းအတွက် အလုပ်ရှင်များက အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းစတဲ့ မတရားမှုတွေကို ကာကွယ်တားဆီးဖို့လိုအပ်ပါတယ်။ သို့သော်လည်းပဲ ဒီလိုအဓမ္မခိုင်းစေမှု၊ မတရားညှဉ်းပန်းနှိပ်စက်မှု စသည်တို့ကို လွယ်လင့်တကူခံနိုင်တဲ့ အခြေအနေမျိုးမှာရှိတဲ့ ဒီလိုအိမ်အကူအလုပ်သမားများ၊ ကလေးအလုပ်သမားများအတွက် ကာကွယ် တားဆီးပေးရန်မှာ အထူးလိုအပ်ပါသောကြောင့် ကျောက်တန်းမဲဆန္ဒနယ်က ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုထဲမှ အိမ်အကူအခေါ် အိမ်ဖော်အလုပ်သမားများရဲ့ကဏ္ဍကို ဦးစားပေးဖော်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်သမားဥပဒေမှာ အလုပ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အိမ်အကူခေါ်အိမ်ဖော်လေးတွေဟာလည်း အလုပ်သမားထဲမှာပါဝင်ပါတယ်။ သို့သော်လည်း အိမ်အကူအလုပ်သမားများဟာ အခြားသော အလုပ်သမားတွေကဲ့သို့ တိကျသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများမရှိကြောင်း ဥပဒေပညာရှင်များဆီက သိရပါတယ်။ တိကျသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများမရှိခြင်းကြောင့် အိမ်အကူအလုပ်သမား အမျိုးသမီးများအနေဖြင့် သတ်သတ်မှတ်မှတ်အလုပ်ချိန်မရှိခြင်း၊ နားရက်အပန်းဖြေချိန်မရှိခြင်း၊ ထိုက်သင့်သော လုပ်အားခမရရှိခြင်းတို့ကြောင့် နစ်နာမှုများစွာရှိကြပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ပြဋ္ဌာန်းတဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ဒီနေ့ပြင်ဆင်ဖို့

တောင်းဆိုကြရာမှာ အဓိကအချက်ကတော့ အိမ်အကူအလုပ်သမားတွေကို အလုပ်သမားအဖွဲ့အစည်းထဲမှာ ထည့်သွင်းစေလိုခြင်းပဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်ဖော်အကူများဟာ မိမိတို့ရဲ့လုပ်အားအပေါ် ခေါင်းပုံဖြတ်ခံရသည့်အပြင် အိမ်ရှင်ရဲ့နှိပ်စက်ညှဉ်းပန်းမှုများကိုပါ ခံရပါတယ်။ ဒီညှဉ်းပန်းနှိပ်စက်ခံရသူများထဲမှာ အရွယ်ရောက်ပြီး အိမ်အကူများသာမက အရွယ်မရောက်သေးသော ကလေးသူငယ်များပါ ပါဝင်နေကြောင်းကို မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဗဟိုက ဖော်ပြထားတာကို တွေ့ရပါတယ်။ အထူးသဖြင့် ကလေးသူငယ်များကို မိဘများထံမှ ခေါ်ယူနိုင်ရန် မွေးစားမယ်၊ ကျောင်းထားပေးမယ်ဟု အကြောင်းပြချက်များပေးပြီး လက်တွေ့မှာတော့ ကလေးသူငယ်များကို တောင်းရမ်းခိုင်းခြင်း၊ အဓမ္မအလုပ်လုပ်ခိုင်းခြင်းများ ပြုလုပ်တာကို တွေ့ရှိရကြောင်း ဖော်ပြထားပါတယ်။ ဒီလိုဖြစ်ရပ်များဖြစ်ရခြင်းကို ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာ ရရှိသည့်ငွေဖြင့် မိသားစုစားမလောက်ခြင်း၊ စီးပွားရေးချို့တဲ့ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဆင်းရဲမွဲတေမှုများခြင်း၊ စစ်ဘေးစစ်ဒဏ်ကြောင့် အလုပ်အကိုင်နှင့် ဘဝများပျက်စီးရခြင်း စတဲ့အနိဋ္ဌာရုံအကြောင်းအရင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအနိဋ္ဌာရုံများကို ခါးစည်းခံရသူများကို မိမိအတ္တအကျိုးစီးပွားတစ်ခုတည်းအတွက်လည်းကောင်း၊ မိမိနိုင်ငံသားအချင်းချင်း လူလူချင်းစာနာထောက်ထားခြင်းတို့ကို လျစ်လျူရှုပြီး ဒုက္ခရောက်သူများရဲ့ဉာဏ်ရည်နိမ့်ကျခြင်း၊ မသိနားမလည်ခြင်း၊ ခိုကိုးရာမဲ့ဖြစ်နေခြင်းတို့အပေါ် အခွင့်ကောင်းယူလျက် လူကုန်ကူးခြင်း၊ အဓမ္မခိုင်းစေခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်မှုဆိုင်ရာမတရားပြုကျင့်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို တရားမဲ့စွာလုပ်ဆောင်နေကြသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ နှိပ်စက်ညှဉ်းပန်းမှုကြောင့် အသက်သေဆုံးသူများလည်းရှိကြပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်ဒီဇင်ဘာလတွင် ILO မှ ပြဋ္ဌာန်းခြင်းအမှတ်(၁၈၂)ဖြစ်သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း ဆန့်ကျင်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ထိုပြဋ္ဌာန်းချက် အပိုဒ် ၃ တွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းအား ပပျောက်စေရေးကို ချက်ချင်းအရေးယူဆောင်ရွက်ရမည့် ဦးစားပေးအဖြစ် သတ်မှတ်ထားပါတယ်။ သို့ဖြစ်ပါ၍ ကလေးအလုပ်သမား အိမ်အကူလေးများဘက်မှရပ်တည်၍ တရားဥပဒေအားဖြင့် အကာအကွယ်ပေးရန် ကျွန်ုပ်တို့

ပြည်သူ့လွှတ်တော်တွင် တာဝန်ရှိသည်ဟု ယူဆမိပါတယ်။ ဝိသမလောဘအတ္တသမားများကိုလည်း ထိရောက်ပြတ်သားသော ပြစ်ဒဏ်များ ချမှတ်ပေးရန်လိုအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိရောက်ပြတ်သားသော ပြစ်ဒဏ်ချမှတ်နိုင်ရန် သာဓကတစ်ခုကို တင်ပြပါရစေ။ နိုဝင်ဘာလ ၁၆ ရက်နေ့ထုတ် 7 Day သတင်းစာမှာ စင်ကာပူနိုင်ငံတွင် အိမ်ဖော်အဖြစ်သွားရောက်အလုပ်လုပ်သော မြန်မာမိန်းကလေးအိမ်အကူကို အိမ်ရှင်စင်ကာပူနိုင်ငံသားက မတရားအဓမ္မပြုကျင့်ခဲ့မှုအပေါ် စင်ကာပူတရားရုံးမှ ထိုသူအပေါ် ပြစ်ဒဏ် ၁၃ နှစ်အပြင် ကြိမ်ဒဏ် အချက် ၂၀ ပြစ်ဒဏ်ချမှတ်တာကို ဖတ်ရှုရပါတယ်။ မိမိနိုင်ငံသားက အခြားနိုင်ငံသူအိမ်ဖော်မတရားပြုကျင့်မှုကြောင့် စင်ကာပူနိုင်ငံရဲ့ တရားဥပဒေချမှတ်ချက်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အရွယ်မရောက်သေးသော အိမ်အကူများကို ထိရောက်သော တရားဥပဒေအရ အကာအကွယ်တားဆီးပေးပြီး မတရားနှိပ်စက်ညှဉ်းပန်းသူများအပေါ် ထိရောက်သော ပြစ်ဒဏ်ဥပဒေများ ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းရင်း၊ တောင်းဆိုရင်း ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပါတယ်။ အခု ဒီအဆိုကို တင်ပြပေးတဲ့ ဒေါ်အေးမြမြမျိုးကို ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းအလုပ်သမားတွေကို ကာကွယ်ပေးရေးအပြင် အိမ်အကူအလုပ်သမားဆိုတဲ့ဝေါဟာရကို လွှတ်တော်မှာ တရားဝင်တင်ပြပေးလို့ဖြစ်ပါတယ်။ ပြည်တွင်းမှာ အိမ်အကူအလုပ်သမား တစ်နည်းအားဖြင့် အိမ်ဖော် (Domestic Helper) ရှိခဲ့တာ ကြာပါပြီ။ လုပ်ငန်းလိုအပ်ချက်အရ ရှိလာခဲ့တာဖြစ်ပါတယ်။ ပြည်ပမှာလည်း အိမ်အကူအလုပ်သမားတွေ သွားလုပ်ကြပါတယ်။ အလုပ်သမားဝန်ကြီးဌာနက ဒါကို တရားဝင်ဖြစ်အောင် တည့်မတ်ပေးတာကိုပဲ မီဒီယာအချို့က အိမ်ဖော်ပို့တဲ့အစိုးရလို့ ဂုဏ်သိက္ခာမဲ့အောင် ရှုံ့ချဝေဖန်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ယခုအခါ ပြည်တွင်းမှာ အိမ်အကူအလုပ်သမားအခွင့်အရေးကို လွှတ်တော်က လက်ခံဆွေးနွေးကြတာဟာ ဒီလူတန်းစားကို လွှတ်တော်က အသိအမှတ်ပြုလက်ခံပြီး

အကာအကွယ် ပေးလို့သာ ထင်ရှားလာတယ်လို့ ကျွန်တော်ကတော့ သုံးသပ်ပါတယ်။ ဒါကြောင့်လည်း ဝမ်းသာစွာကြိုဆိုပါတယ်။ ကိုယ့်နိုင်ငံမှာပဲလုပ်လုပ်၊ နိုင်ငံခြားမှာပဲလုပ်လုပ် ရိုးရိုးသားသားလုပ်စားရင် ဂုဏ်ရှိတယ် လို့ပဲ ကျွန်တော် မြင်ပါတယ်။

ဒီအဆိုမှာ အပိုင်းနှစ်ပိုင်းတွေ့ပါတယ်။ အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမား ခန့်ထားရာမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ပြီးမှ ခန့်ထားရန်ဆိုတဲ့အပိုင်းနှင့် အလုပ်ရှင်များက အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများကဲ့သို့ ဥပဒေမဲ့ လုပ်ရပ်များ မလုပ်နိုင်ရန်အတွက် ကာကွယ်တားဆီးပေးရန်ဆိုတဲ့အပိုင်းပဲ ဖြစ်ပါတယ်။ ဒီအလုပ်သမား တွေခန့်ထားတဲ့အခါမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ရှိသူကိုသာ ခန့်အပ် မယ်ဆိုတာဟာ ဥပဒေအရ ကောင်းပါတယ်။ ဒါပေမဲ့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ အလုပ်ခန့်ထားပြီးလို့ရှိရင်လည်း တစ်လအတွင်းမှာ Employment Contract ကို ချုပ်ဆိုရမှာ ဖြစ်ပါတယ်။ ဒီ Regulation တွေကိုမလိုက်နာဘူးဆိုလို့ရှိရင် Law Enforcement လုပ်တဲ့အခါမှာ အလုပ်ရှင်ရော၊ အလုပ်သမားဘက်ကရော ထိခိုက်နာကျင်မှုတွေရှိမယ်ဆိုတာကို သတိပြုစေလိုပါတယ်။ ဒါကြောင့်မို့လို့ Public Awareness လုပ်ဖို့အတွက် အချိန်တစ်ခုတော့ လိုအပ်မယ်လို့ တင်ပြလိုပါတယ်။ အလုပ်သမားမှတ်ပုံတင်ကို စောစောကတင်ပြခဲ့သလိုပဲ ၁၈ နှစ်ပြည့်ပြီးမှ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပေးတာပါ။ ဒေါ်အေးမြမြမျိုး တင်ပြသလို ၁၈ နှစ် မပြည့်သေးလို့ အလုပ်သမားမှတ်ပုံတင် မရသေးတဲ့သူတွေကို အလုပ်ဖြုတ်ရမယ်ဆိုရင်တော့ အလုပ်ပြုတ်မယ့်သူတွေ တော်တော်များသွားပါ လိမ့်မယ်။

၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေအရ ၁၈ နှစ်မပြည့်သေးသော်လည်း ၁၄ နှစ်ပြည့်ပြီးလို့ရှိရင် ဆရာဝန်ရဲ့ထောက်ခံချက်ရလို့ရှိရင်တော့ သက်သာတဲ့အလုပ်တွေကို လုပ်ကိုင် ခွင့်ရှိတယ်ဆိုတာကိုလည်း ကျွန်တော်က တင်ပြလိုပါတယ်။ တကယ်တော့ ကလေးတွေဟာ Child Labour ဖြစ်နေတာ၊ တချို့လည်း Child Labour ၊ တချို့လည်း Child Labour မဟုတ်ကြပါဘူး။ သို့သော် သူတို့မှာ ဆရာဝန်ရဲ့ထောက်ခံချက်မရှိတာကတော့ သေချာပါတယ်။ သူတို့အိမ်မှာ အဆင်မပြေလွန်းလို့သာ လာလုပ်ကြတာပါ။ မိဘတွေကလည်း အရွယ်မရောက်သေးတဲ့သားသမီးတွေ ကို အလုပ်ခွင်ကို ဘယ်ထည့်ချင်မလဲ။ မဖြစ်သာလို့မို့လို့သာ မျက်စိမှိတ်ပြီးတော့မှ စေလွှတ်နေရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲစည်းရုံးရေးကာလမှာ ဒီကလေးတွေကို စာသင်ခန်းဆီ ပြန်ပို့ပေးမယ်ဆိုပြီး စည်းရုံးခဲ့တဲ့စကားတွေဟာ အပြောလွယ်သလောက် လက်တွေ့မှာ အများကြီး

**မူကြမ်း**

အခက်အခဲရှိပါတယ်။ ဒီလိုပြောခဲ့တဲ့သူတွေ စားပွဲထိုးကလေး ဘယ်နှစ်ယောက်ကို စာသင်ခန်းဆီ ပြန်လွှတ်ပေးနိုင်ပြီးပြီလဲလို့ ကျွန်တော် ဒီနေရာကနေ မေးချင်ပါတယ်။ Law Enforcement ကို သီးခြားလုပ်လို့ ဒီကလေးတွေ အားလုံးအလုပ်ပြုတ်ပြီး လမ်းဘေးရောက်သွားမှာကိုလည်း မစဉ်းစားလို့ မရပါဘူး။ Counter Productive လို့ခေါ်တဲ့ သဘောသဘာဝကိုလည်း ထည့်သွင်းစဉ်းစားရပါမယ်။ ဒါကြောင့်မို့လို့ Sudden Change မလုပ်ဘဲနဲ့ Phase အလိုက်သာ အချိန်ယူပြီးတော့မှ ဆောင်ရွက်သွားသင့်တယ်လို့ တင်ပြလိုပါ တယ်။

ဒုတိယပိုင်းဖြစ်တဲ့ အလုပ်သမားတွေကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စတဲ့ ဥပဒေမဲ့ လုပ်ရပ်တွေ ပေါ်ပေါက်လာခြင်းဟာ တကယ်တော့ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ယုံကြည်မှု ပျက်ယွင်းခြင်းရဲ့ ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။ အလုပ်ရှင်အများစုက အလုပ်သမားတွေကို အချိန်ကြာကြာခိုင်းချင်တယ်။ အလုပ်သမားအများစုက အချိန်အနည်းဆုံးလုပ်ချင်ကြတယ်။ ဒါကြောင့် မို့လို့ ဒီကွာဟချက်နှစ်ခုကြားမှာတော့ Regulation ကသာ မျှတစွာထိန်းကျောင်းပေးနိုင်ရမှာ ဖြစ်တယ်လို့ မြင်ပါတယ်။ အလုပ်သမားကိုနှိပ်စက်ကလူပြုတဲ့အလုပ်ရှင်တွေကို ကျွန်တော်တို့ အားမပေးပါဘူး။ ဒါပေမဲ့ Both Side ကြည့်ရမယ်ဆိုရင် အလုပ်သမားဘက်ကရော ဘာမှားသလဲ ဆိုတာကို ဆန်းစစ်ဖို့လိုပါတယ်။ ဒါကြောင့် အလုပ်ရှင်မှားတာကိုပဲ ထောက်ပြနေကြရုံမကဘဲနဲ့ အလုပ်သမားမှားတာကိုလည်း မြင်အောင်ကြည့်ကြဖို့ ကျွန်တော်ကတော့ တိုက်တွန်းလိုပါတယ်။ တကယ်တော့ အလုပ်ရှင်နှင့် အလုပ်သမားဆိုတာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီအပြန်အလှန် တည်မှီနေပါတယ်။ အလုပ်ရှင်မရှိဘဲ အလုပ်သမားဆိုတာ ရှိမလာနိုင်ပါဘူး။ အလုပ်သမားမရှိဘဲနဲ့ အလုပ်ရှင်ထီးထီး ရပ်တည်လို့မရပါဘူး။ ဒီ Industrial Relation ကောင်းမွန်စေဖို့အတွက် ဒါ Confident Building Measure ကောင်းမွန်တဲ့ Mechanism ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှ မီဒီယာများရဲ့အင်အားလည်း အများကြီးလိုပါတယ်။ သူတို့ရဲ့ Educate လုပ်မှုတွေ၊ Awareness လုပ်မှုတွေအားလုံး ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ Complaint Mechanism နဲ့ Hot Line တည်ဆောက်တာတွေဟာလည်း ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှု ပပျောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် အဆိုရဲ့ပထမပိုင်းဖြစ်တဲ့ Registration ပြုလုပ်ထားသူကိုသာ အလုပ်ခန့်ထားရေးကိစ္စကိုတော့ သတိထားပြီးတော့မှ အဆင့်လိုက်ဆောင်ရွက်သင့်ကြောင်းနဲ့ ဒုတိယပိုင်းဖြစ်တဲ့ အလုပ်ရှင်က အလုပ်သမားများကို ဥပဒေမဲ့လုပ်ရပ်များ ကာကွယ်တားဆီးရေးအပိုင်းနဲ့ပတ်သက်ပြီးတော့မှ တာဝန်ယူရတဲ့ဝန်ကြီးဌာနက

အိမ်အကူအလုပ်သမားဥပဒေကဲ့သို့ ဥပဒေများကိုရေးဆွဲပြီးတော့မှ ဆောင်ရွက်ရန်အတွက် အကြံပြုရင်းထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်မအနေနဲ့ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အလုပ်သမားများအတွက် အလုပ်ချိန်သတ်သတ်မှတ်မှတ်ရှိရန်၊ လုပ်ခမှန်ကန်စွာရရှိရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျန်းမာရေးအပါအဝင် အလုပ်သမားများရဲ့ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အဓိကထားပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလုပ်သမားနှင့် ဝန်ထမ်းများကို စတင်ခန့်အပ်ပြီဆိုကတည်းက ခန့်အပ်ရာမှာ တရားဝင်ခန့်အပ်ရန်လိုအပ်ပြီးတော့ အလုပ်ရှင်အလုပ်သမား စာချုပ်ချုပ်ဆိုပြီးမှ ခန့်အပ်ဖို့လိုအပ်ပါတယ်။ ဤကဲ့သို့ တရားဝင်ခန့်အပ်ခြင်းကို ဥပဒေများပြဋ္ဌာန်းထားသော်လည်း လိုက်နာကျင့်သုံးခြင်းမရှိဘဲ အလုပ်ခန့်ခြင်း၊ အလုပ်ဖြုတ်ခြင်းများရှိနေတာကို တွေ့ရပါတယ်။ ဥပဒေများကို အလုပ်ရှင်များဘက်က နားလည်သော်လည်းပဲ အလုပ်သမားများဘက်က အပြည့်အဝ နားမလည်မသိရှိခြင်းက အားနည်းချက်များ ဖြစ်နေပါတယ်။ အလုပ်သမားအများစုဟာ ကျေးလက်မှ မြို့ပေါ်ကိုတက်လာပြီးတော့ ရရာအလုပ်လုပ်ကြတာများလို့ ၎င်းတို့ဟာ အများအားဖြင့် ဥပဒေများကို နားမလည်ကြပါ။ အလုပ်အကိုင်ရှားပါးတဲ့အခါမှာ ရွေးချယ်စရာမရှိဘဲနဲ့ စားဝတ်နေရေးအတွက် ခေါင်းငုံ့ခံပြီး အလုပ်လုပ်နေရခြင်းများရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအတိုင်း လိုက်နာကျင့်သုံးခြင်းရှိ/မရှိကို ပုံမှန်စစ်ဆေးပေးခြင်းဖြင့် အလုပ်သမားများဘက်မှ ကာကွယ်ပေးစေလိုပါတယ်။

၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၏ အခန်း(၉) ပုဒ်မ ၁၇၊ ၁၈ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့အရ စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်ခြင်း၊ စစ်ဆေးခြင်းနှင့်အရေးယူခြင်း၊ ဝန်ကြီးဌာနမှထုတ်ပြန်တဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ၊ အလုပ်သမားများဆိုင်ရာ စာရင်းဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို မှန်ကန်စွာပြုစုထားခြင်းရှိ/မရှိတို့ကို စစ်ဆေးပေး

ရန်လိုအပ်ပြီးတော့ အဆိုပါစာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို သက်ဆိုင်ရာဌာနများသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြခြင်းရှိ/မရှိကို သက်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ဝင်ရောက်စစ်ဆေးပေးဖို့ လိုအပ်ပါတယ်။ ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရတဲ့လုပ်ငန်းအမျိုးအစားများမှာလည်း ဥပမာ - လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်၊ ဘူတာရုံများနဲ့ဆိုင်တဲ့အလုပ်ဌာနများ၊ လမ်းတံတားအသုံးပြုခကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ကလပ်များ၊ ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ဆီဆိုင်များမှာ ဥပဒေအရ သတ်မှတ်ထားတဲ့ အလုပ်ချိန်နာရီ၊ အချိန်ပိုနာရီများအတိုင်း ဖြစ်ဖို့လိုအပ်ပါတယ်။ နားချိန်၊ နားရက်၊ ခွင့် စသည်တို့မှာလည်း အလုပ်သမားများရဲ့ အခွင့်အရေးရရှိဖို့ လိုအပ်ပြီးတော့ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းဖို့လည်း အလွန်အရေးကြီးပါတယ်။ နောက် အများပျော်ရွှင်ရေးလုပ်ငန်းဌာနများမှာ လုပ်ကိုင်နေရတဲ့ အမျိုးသမီးငယ်ဝန်ထမ်းများအတွက် ကာအိန္ဒြေပျက်ပြားအောင်၊ ဂုဏ်သိက္ခာထိခိုက်အောင် အခွင့်အရေးယူခြင်းများမရှိအောင် ကာကွယ်ပေးဖို့လည်း လိုအပ်ပါတယ်။ စားသောက်ဆိုင်များမှာဆိုရင် Waiter များဟာ အသက်မပြည့်သေးတဲ့ ၁၅ နှစ်အောက် အရွယ်များဖြစ်နေပြီးတော့ အလုပ်ရှင်ရဲ့ ကိုယ်ထိလက်ရောက် ထိုးကြိတ်၊ ကန်ကျောက်ခြင်းများလည်း ရှိတယ်ဆိုတာကိုလည်း သိရပါတယ်။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကဲ့သို့သော အလုပ်ရှင်၊ အလုပ်သမားများအတွက် ပြဋ္ဌာန်းပေးထားတဲ့ဥပဒေများရှိနေသော်လည်းပဲ အလုပ်ရှင်များဘက်မှ လိုက်နာကျင့်သုံးမှုအားနည်းတဲ့အတွက် အလုပ်သမားများဘက်မှ နစ်နာမှုများ ရှိနေတာကိုလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ လိုက်နာကျင့်သုံးရန်နှင့် ကျင့်သုံးမှုရှိ/မရှိကို စစ်ဆေးပေးဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။

အလုပ်သမားများ ထိခိုက်နစ်နာမှုအများဆုံးဟာ အိမ်ဖော်အလုပ်သမားများဖြစ်ပြီးတော့ အများစုဟာ ကလေးသူငယ်များဖြစ်ပါတယ်။ မိန်းမငယ်များ၊ ကလေးသူငယ်များဟာ ၎င်းတို့ကို ညှဉ်းပန်းနှိပ်စက်မှု၊ မတရားပြုကျင့်မှုတို့ကို ပြန်လည်ခုခံကာကွယ်နိုင်ခြင်းမရှိလို့ နိုင်ငံတော်အစိုးရအနေနဲ့ အထူးကာကွယ်စောင့်ရှောက်မှုများ ပေးရမှာဖြစ်ပါတယ်။ ကလေးသူငယ်အလုပ်သမားဥပဒေနဲ့ပတ်သက်ပြီးတော့ ရင်ဆိုင်ရတဲ့ပြဿနာမှာ ဥပဒေအတိုင်းဆောင်ရွက်ပါကလည်း ကလေးသူငယ်များ အလုပ်မရ၊ စားဝတ်နေရေးပြဿနာဖြစ်လာတဲ့အတွက် ဥပဒေနဲ့မညီဘဲ အလုပ်လုပ်ကိုင်နေတာတွေကို ဒီအတိုင်းကြည့်နေရတာလည်း ရှိတယ်လို့ အလုပ်သမားအဖွဲ့အစည်းများက ပြောဆိုပါတယ်။ ဒါကြောင့်

ကလေးအလုပ်သမားများနှင့် ကလေးသူငယ်များ ဘဝရှင်သန်ရပ်တည်ရေးကို နိုင်ငံတော်အနေနဲ့ အလေးထားစဉ်းစားပေးဖို့လည်း လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ တည်ဆဲအလုပ်သမား ဥပဒေများ အသက်ဝင်ဖို့၊ ကျင့်သုံးဖို့၊ နောက် လိုက်နာကျင့်သုံးခြင်းရှိ/မရှိကို သက်ဆိုင်ရာမှ ဥပဒေနှင့် အညီ စစ်ဆေးပေးဖို့၊ စစ်ဆေးရေးတာဝန်ရှိသူများအနေနဲ့ အဂတိလိုက်စားခြင်းမရှိဖို့၊ နောက် ဥပဒေ များကို အလုပ်သမားအနေနဲ့ နားလည်သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ပညာပေးခြင်းများ လုပ်ဆောင် ပေးဖို့အတွက် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ကွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီ တိုင်းဒေသကြီး၊ ကွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးရဲ့ အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ အလုပ်သမားများ မှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များ မှ အလုပ်သမားများကို အဓမ္မစေခိုင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များကို မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်ရှင်။ ယင်းအဆိုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှ လည်း ရှုထောင့်အမျိုးမျိုးနှင့် ထောက်ခံဆွေးနွေးသွားကြပြီးဖြစ်သော်လည်း ကျွန်မအနေဖြင့် သာကေ အချို့ကို တင်ပြထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အလုပ်ရှင်အများစုသည် မသိနားမလည်သည့်အလုပ်သမားများကို ခန့်ထားရာ တွင် ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ အဓမ္မစေခိုင်းခြင်း၊ ညှဉ်းပန်းနှိပ်စက် ခြင်းများကို နိုင်ငံတစ်လွှားသတင်းစာ၊ ဂျာနယ်များတွင် မကြာခဏဖော်ပြပါရှိနေသည်ကိုလည်း တွေ့မြင်ကြားသိနေခဲ့ကြပါသည်။ ၎င်းအပြင် အလုပ်ရှင်များသည် အမျိုးသမီးနှင့် ကလေးသူငယ်များ ကို ခိုင်းစေရာတွင် အမျိုးသားများနှင့် တန်းတူလုပ်ခလစာနှင့် အခကြေးငွေများကို မပေးဘဲ လျော့နည်း ၍ ပေးခဲ့ကြသည်ကိုလည်း သိရှိကြရပါသည်။ အများအားဖြင့် ခွန်အားဖြင့်လုပ်ဆောင်ရသည့် လုပ်ငန်း များတွင် အမျိုးသားများအား နေ့တွက် ၃၆၀၀ ကျပ်ကို ပေးခဲ့ပြီး အမျိုးသမီးများမှာမူ ၁၈၀၀ ကျပ် သို့မဟုတ် ၁၅၀၀ စသည်ဖြင့်လျော့နည်း၍ ပေးခဲ့ကြသော်လည်း လုပ်ငန်းခွင်လုပ်ချိန်မှာ အတူတူပင်

အလေးအပင်များကို သယ်ယူလုပ်ဆောင်ကြရပါသည်။ ကလေးသူငယ်များမှာမူ ထိုထက်ပင်နည်းပါး ပြီး အခကြေးငွေဖြင့် အဆမတန်ခိုင်းစေခံရခြင်း၊ အမှားအယွင်းတစ်စုံတစ်ရာရှိပါကလည်း လူမဆန်စွာ ဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံနေရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များပုဒ်မ ၃၅၀ တွင် အမျိုးသမီးများသည် တန်းတူသောအလုပ်တွင် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၁ တွင် မိခင်များ၊ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ် ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိရမည်ဟု ပါရှိသော်လည်း လက်တွေ့ တွင်မူ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ လုပ်အားကို အလုပ်ရှင်များမှ မတရားခေါင်းပုံဖြတ်ခြင်းကို ခံနေရဆဲဖြစ်ပါသည်။ ကျွန်းစုမြို့နယ်သည် အဓိကအားဖြင့် ၉၀ ရာခိုင်နှုန်းခန့်ရှိသော ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသည့် ကျားပါးစပ်ထောင်ကယ်အမည်ရှိ လုပ်ငန်းရှင်အချို့ထံတွင် အခစား ဝင်ရောက်သည့် အိမ်ထောင်ဦးစီးအမျိုးသားတစ်ဦးတည်းကိုသာ လစာအဖြစ်တစ်သောင်းခွဲမှ ခြောက်သောင်းနီးပါး ခံစားခွင့်ပေး၍ ဇနီးမယားနှင့်သမီးသားတို့သည် လစာရရှိခြင်းမရှိဘဲ တစ်ခါတစ်ရံ မုန့်ဖိုး၊ ပဲဖိုးအနည်းငယ်ဖြင့် လုပ်ငန်းရှင်၏ စီးပွားရေးလုပ်ငန်းတွင် ဝေယျာဝစ္စပါမကျန် ထမင်းစားကျွန်ခံဘဝဖြင့် ကျွန်ဝယ်ရာအဆစ်ပါသကဲ့သို့ စေခိုင်းခြင်းခံခဲ့ကြရပါသည်။ ဥပမာအားဖြင့် ကျွန်မရဲ့ မဲဆန္ဒနယ်မှ လုပ်ငန်းရှင်တစ်ဦးထံတွင် လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစ၍ စရန်ငွေ ၁၂ သိန်းရယူကာ အိမ်ထောင်ဦးစီးသည် တစ်နေ့ငါးရာကျပ်ဖြင့် မိသားစုလေးဦးလုပ်ကိုင်ရာတစ်လလျှင် ဆန်ပြည် ၂၀ ရယူ၍လုပ်ကိုင်ခဲ့သော်လည်း အခုချိန်တွင်အလုပ်ထွက်ချင်သော်လည်း ထွက်ခွင့်မရဘဲ နောက်ထပ် သိန်း ၂၀ ထပ်ပေးမှ ထွက်ခွင့်ပေးမည်ဆို၍ အမျိုးသမီးက ထွက်ပြေးလာပြီး မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်တိုင်တန်းနေစဉ် အမျိုးသားမှာ ခြိမ်းခြောက်ရိုက်နှက်ချုပ်နှောင် စေခိုင်းခြင်းကိုခံနေရလျက် ယခင်ကနှိပ်စက်မှုကြောင့် ခြေချောင်းများမှာလည်း ပြတ်တောက်နေခဲ့ ရပါသည်။ အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုကိုဖြေရှင်းပေးရန် ကျွန်းစုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဌာနမှ အလုပ်ရှင်အားဆင့်ခေါ်ရာ လေးကြိမ်မြောက်မှ လာရောက်၍ဖြေရှင်းခဲ့ပါသည်။ ၁၀ နှစ်ကြာ လုပ်ကိုင်ပေးခဲ့ရသည့် အလုပ်သမားမိသားစုမှာ ဥပဒေအရ မိမိတို့ရရှိရန်ရှိသည်ကို ရယူရန်ဆန္ဒမရှိသည့်အပြင် ညှဉ်းပန်းနှိပ်စက်မှုအတွက် အမှုဖွင့် တိုင်တန်းရန်လည်း ဆန္ဒမရှိဘဲ အလုပ်ထွက်ဖို့ခွင့်ကိုသာ တောင်းဆိုခဲ့ကြပြီး အလုပ်ရှင်၏တောင်းဆိုမှု

သိန်း ၂၀ ကို ထပ်မံမပေးရတော့ဘဲ အလုပ်ခွင်မှထွက်ခွင့်ရအောင် ဆောင်ရွက်ပေးရန်ကိုသာ တောင်းဆိုချက်အရ ဆောင်ရွက်ပေးခဲ့ကြရပါသည်။

အလားတူပင် မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းပါအချက်အလက်များအရ အရွယ်မရောက်သေးသူကလေး တစ်သန်းငါးသိန်းလေးသောင်းကျော်သည် လုပ်ငန်းခွင်ထဲရောက်ရှိနေကြပြီး အဓိကအားဖြင့် မိသားစုများ၏ ဆင်းရဲမွဲတေမှု၊ ပညာမတတ်မြောက်မှုတို့ကြောင့် မိဘများကိုယ်တိုင်မှ မိမိတို့၏ ရှစ်နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်အရွယ်ကလေးများကို လုပ်ငန်းရှင်များထံ အပ်နှံ၍ စရန်ငွေ ၁၀ သိန်းမှ သိန်း ၂၀ အထိ ရယူစေခိုင်းကြရာ တစ်နေ့ကို ကဏန်းနှစ်ပိဿာမပြည့်မီပါက ထမင်းမကျွေးခြင်း၊ နေပူလှန်းခြင်း၊ လုပ်ငန်းရှင်ရှေ့မှောက်တွင် မိခင်ကိုယ်တိုင်မှ ရက်စက်စွာနှိပ်စက် ညှဉ်းပန်းခြင်းများကို လုပ်ငန်းရှင်အလိုကျ လုပ်ဆောင်ခြင်းများကို အရွယ်နှင့်မမျှခံစားခဲ့ရကြောင်း သိရှိရပါသည်။ ဥပမာအားဖြင့် ကျွန်မ၏မဲဆန္ဒနယ် ကျေးရွာတစ်ရွာမှ ကလေးသူငယ်များကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ထိုကဲ့သို့သော လူမဆန်စွာဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း၊ ခိုင်းစေခြင်း ခံနေရသည့် လူ့ငရဲခန်းမှ ကလေးသူငယ်များကို လွတ်မြောက်အောင်ကယ်တင်နိုင်ရန်မှာ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အားကောင်းသောတရားဥပဒေစိုးမိုးရေးဖြင့်သာ ကာကွယ်တားဆီးပေးနိုင်မည် ဖြစ်ပေသည်။ သို့ပါ၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏အဆိုကို ထောက်ခံရင်းနဲ့ အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံကြောင်း အလေးအနက်ထောက်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဦးအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းတဲ့ အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများ ခန့်ထားတဲ့နေရာမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့

လုပ်ရပ်များမလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အလုပ်သမားများသာမက အလုပ်ရှင်တို့အတွက်ပါ ကာကွယ်ပေးမယ့်ဥပဒေတစ်ရပ်ကို ဖော်ပြရင်းနဲ့ ထောက်ခံသွားမှာဖြစ်ပါတယ်။ အဲဒါကတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှာ ထုတ်ပြန်ကြေညာထားတဲ့ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အခန်း(၁) ပုဒ်မ ၁(ခ)အရ ထုတ်ပြန်ကြေညာပြီး သုံးလမြောက်တဲ့နေ့ကစပြီးတော့ အာဏာတည်စေရမည်ဟု ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာအခန်းပေါင်း ၁၀ ခန်းပါဝင်ပြီးတော့ ပုဒ်မပေါင်း ၄၂ ခု ပါဝင်ပါတယ်။ ဒီဥပဒေမှာ ဝန်ကြီးဌာနကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ယခု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဒီဥပဒေရဲ့အခန်း(၂)မှာ ပုဒ်မ ၃ မှာ ဝန်ကြီးဌာနသည် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေခြင်းအတွက် စီစဉ်ရမယ်လို့ ပါပါတယ်။ အလုပ်အကိုင်ရှာဖွေသူရဲ့ အသက်အရွယ်၊ စွမ်းအားနဲ့ သင့်လျော်မယ့် အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေးနှင့် ကျွမ်းကျင်မှုတိုးတက်ရေးတို့မှာ အကူအညီပေးရမယ်။ အလုပ်ရှင်များအတွက် လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်တဲ့ အလုပ်သမားရရှိရေးကို အကူအညီပေးဖို့အတွက် အခွင့်အလမ်းတွေနဲ့ လုပ်ငန်းများစီစဉ်ထားရမယ်လို့ ပါပါတယ်။ အခန်း(၂) ပုဒ်မ ၄ (က) အပိုဒ်ခွဲ(၁)အရ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများကို လိုအပ်သလို တည်ထောင်ထားနိုင်တယ်လို့ ဆိုပါတယ်။ အခန်း(၃)မှာအလုပ်သမားခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းဖြစ်ပါတယ်။ ဒီအခန်းရဲ့ ဥပမာ ၅(က)မှာ အလုပ်ရှင်ဟာ အလုပ်သမားများအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးတော့ ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရမယ်လို့ပါပါတယ်။ ပုဒ်မ ၅(ခ)မှာ ဒီသဘောတူစာချုပ်မှာ အောက်ပါအချက်တွေပါဝင်ရမယ်လို့ ပါပါတယ်။ ဒီသဘောတူချက်က အချက် ၂၁ ချက်ပါဝင်ပြီးတော့ ဒီမှာထူးခြားချက်အနေနဲ့ အလုပ်ချိန်ကန့်သတ်ချက်တွေပါပါတယ်။ နားရက်၊ အလုပ်ပိတ်ရက်နဲ့ ခွင့်ရက်တွေ၊ အလုပ်အချိန်ပိုလုပ်တဲ့ကိစ္စတွေ၊ အလုပ်ချိန်အတွင်းမှာ အစားအသောက်အစီအစဉ်တွေ၊ နေရာထိုင်ခင်းတွေ၊ ဆေးဝါးကုသမှုတွေ၊ အလုပ်သမားများလိုက်နာရမယ့် စည်းကမ်းချက်တွေ၊ အလုပ်မှနုတ်ထွက်ခြင်း၊ အလုပ်မှရပ်စဲခြင်းတွေ၊ စာချုပ်ရပ်စဲခြင်းတွေ၊ စာချုပ်နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်းတွေ၊ စာချုပ်စည်းကမ်းများကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ပါပါတယ်။ ပုဒ်မ ၅(စ)မှာ ၎င်းစာချုပ်ပါ လုပ်ငန်းရဲ့ စည်းကမ်းနဲ့ အကျိုးခံစားခွင့်များကို တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို ပြင်ဆင်နိုင်တယ်လို့ပါပြီး

တော့၊ ပုဒ်မ ၅(ဆ)မှာ စာချုပ်တွေကို အလုပ်ရှင်နှင့်အလုပ်သမားများရှာဖွေရေးရုံးသို့ သတ်မှတ်ကာလ အတွင်း အလုပ်ရှင်ကပေးပို့ပြီးတော့ အတည်ပြုထားမယ်ဆိုပြီးပါတယ်။

အခန်း(၄)မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့သည် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီးတော့ ၎င်းမှတစ်ဆင့် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့ စီစဉ်ကွပ်ကဲသွားရမယ်လို့ပါပါတယ်။ အခန်း (၅)မှာ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းပါပြီးတော့ ဒီမှာအလုပ်အကိုင်ဆိုင်ရာ ပုဒ်မ ၁၄ မှာ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ မူဝါဒနဲ့အညီ ဆောင်ရွက်ရမယ်လို့ပါပြီးတော့ ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)မှာ အသက် ၁၆ နှစ်ပြည့်ပြီးတဲ့လူငယ်များအား အလုပ်သင်အဖြစ်ခန့်ထားပြီးတော့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အလုပ်အကိုင်နှင့်သက်ဆိုင်တဲ့ အတတ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးဖို့ ဆောင်ရွက်နိုင်တယ်လို့ဆိုပါတယ်။ အခန်း(၈)မှာတော့ အလုပ်သမားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်ခြင်းနှင့် သုံးစွဲခြင်း အခန်းဖြစ်ပါတယ်။ ပုဒ်မ ၂၆ မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီးတော့ အောက်ပါကိစ္စများအတွက် သတ်မှတ်သုံးစွဲနိုင်သည်လို့ပါပါတယ်။ အလုပ်သမားများနဲ့ ပတ်သက်ပြီးတော့ လေ့ကျင့်သင်ကြားပေးတဲ့ကိစ္စတွေ၊ အကြောင်းတစ်ရပ်ရပ်ကြောင့် အလုပ်ရပ်စဲခံရပြီးတော့ အခြားလုပ်ငန်းတစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုတဲ့ အလုပ်သမားများအား လိုအပ်တဲ့ကျွမ်းကျင်မှု ပြန်လည်လေ့ကျင့်သင်ကြားပေးမယ့် ကိစ္စတွေနဲ့။ ဒီကိစ္စတွေမှာ ငွေကြေးထောက်ပံ့ခြင်းနဲ့ ငွေချေးခြင်းကိစ္စတွေပါပါတယ်။ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)မှာ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်း အလုပ်ရှင်ဟာ ကြီးကြပ်သူအဆင့်နဲ့ ယင်းအဆင့် အောက်ရှိ အလုပ်သမားပေးချေရမည့် စုစုပေါင်းလုပ်ခလစာရဲ့ ၀.၅ ရာခိုင်နှုန်းအောက်မနည်းတဲ့ငွေကို ရန်ပုံငွေထည့်ဝင်ခြင်းဖြင့် လစဉ်မပျက်မကွက် ပေးသွင်းရမယ်လို့ဆိုပါတယ်။ ပုဒ်မခွဲ(က)အရ ပေးသွင်းရမယ့်ထည့်ဝင်ကြေးကို အလုပ်သမားရဲ့လုပ်ခလစာအား ဖြတ်တောက်ခြင်းမရှိရလို့ဆိုပါတယ်။ အခန်း(၉)ပြစ်မှုနဲ့ ပြစ်ဒဏ်များမှာ ပုဒ်မ ၃၅ မှာ မည်သူမဆို ဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်မရဘဲနဲ့ အလုပ်အကိုင် စုဆောင်းရေးလုပ်ငန်းများကို လုပ်ကိုင်ကြောင်း သို့မဟုတ် အလုပ်သမားထံမှ အခကြေးငွေရယူဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်

လို့ဆိုပါတယ်။ ပုဒ်မ ၃၈ မှာတော့ သဘောတူညီချက်စာချုပ်ကို ပျက်ကွက်တာရယ်၊ ထည့်ဝင်ကြေး မပေးရင် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ဆိုပါတယ်။ ပုဒ်မ ၃၉ မှာ မည်သူမဆို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အချက်တစ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အလုပ်သမားနှင့် အလုပ်ရှင်တို့အတွက် အကာအကွယ်ပေးနိုင်တဲ့ ဥပဒေများဟာ စာရွက်ပေါ်မှာ တည်ရှိနေခြင်းမဟုတ်ဘဲနဲ့ အမှန်တကယ်လိုက်နာကျင့်သုံးဖို့လိုပါတယ်။ လိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ လုပ်ငန်းသဘာဝအရ အလုပ်ချိန် ကန့်သတ်ချက်မရှိတဲ့၊ လုံခြုံမှုမရှိတဲ့ အိမ်အကူအလုပ်သမားများအတွက် ဥပဒေရဲ့အကာအကွယ် ပိုပြီးတော့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်အေးမြမြမျိုးတင်သွင်းတဲ့ အိမ်အကူအလုပ်သမားများ အပါအဝင် အလုပ်သမားများခန့်ထားရာမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ အလုပ်သမားများအား မှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များမလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်ကြီးများအနေနဲ့ ဒီအလုပ်သမားရေးရာနှင့် ပတ်သက်ပြီးတော့မှ အထူးသဖြင့် အိမ်ဖော်အလုပ်သမားများနှင့် ပတ်သက်ပြီးတော့မှ ဘက်စုံထောင့်စုံ၊ အမြင်မျိုးစုံက ဆွေးနွေးပေး တဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့

မှုကြမ်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့လည်းပဲ အဆိုရှင်တင်ပြတဲ့ အလုပ် သမားများခန့်ထားရာတွင် ပြဋ္ဌာန်းဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ပြီးမှ ခန့်ထားတဲ့ကိစ္စကို လည်းပဲ ကျွန်တော်တို့လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ထပ်မံဆောင်ရွက်လျက် ရှိပါတယ်။ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးဥပဒေအရ ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှာ ဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင်နဲ့အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံးဖွင့်လှစ်ထားပါတယ်။ အလုပ် သမားများမှတ်ပုံတင်ပေးခြင်း၊ အလုပ်ရှင်များ အလုပ်သမား လိုအပ်ကြောင်း အမှာစာလက်ခံခြင်း၊ အမှာစာပါ အရည်အချင်းနှင့်ကိုက်ညီသူ မှတ်ပုံတင် အလုပ်သမားများအား ရွေးချယ်နိုင်ရန် အလုပ်ရှင် ထံ စုဆောင်းပေးပို့ခြင်း၊ အလုပ်ရှင်က ခန့်အပ်ရန် ရွေးချယ်သူများကို အလုပ်ခန့်ထားရေးကတ်ပြား ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလုပ်ငန်းများကိုတော့ အလုပ်ခန့်ထားခြင်း ဥပဒေအရ အသက် ၁၈ နှစ်ပြည့်သူများကိုသာ ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ကုန်အထိ အလုပ်သမားမှတ်ပုံတင်ဦးရေဟာ ၉၉၈၂၅၄ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဝန်ခံပြောကြားလိုတာကတော့ အသက်မပြည့်တဲ့အလုပ်သမား များ၊ အထူးသဖြင့် အိမ်အကူအလုပ်သမားများ မှတ်ပုံတင်ရေးကတော့ အားနည်းလျက်ရှိတယ်ဆိုတာ ဒါလေးကိုတော့ ပြောကြားလိုပါတယ်။ အိမ်အကူအလုပ်သမားများခန့်ထားခြင်းနှင့် ပတ်သက်ပြီးတော့ မှ၊ ပြန်ပြီးတော့မှ လေ့လာမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့အိမ်အကူအလုပ်သမားများ လုပ်ကိုင်နေတဲ့ပုံစံ ကတော့ ဆွေမျိုးနီးစပ်များအား ခေါ်ယူတဲ့အနေအထား၊ မိတ်ဆွေများကတစ်ဆင့် ဆက်သွယ်ခေါ်ယူတဲ့ ပုံစံ၊ သတ်မှတ်အသက်အရွယ်မပြည့်သူများကို မိသားစုပုံစံနေထိုင်ပြီးတော့မှ လုပ်အားခပေး၍ ဆောင်ရွက်နေတဲ့ပုံစံများကို တွေ့ရပါတယ်။ ဒါ့အပြင် အလုပ်ခေါ်သူနှင့် အလုပ်လိုသူတို့အကြား အချင်းချင်းချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက် အိမ်အကူအလုပ်သမားများကို မှတ်ပုံတင်ရန် အားနည်းလျက်ရှိတယ်ဆိုတာ ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

အလုပ်ခန့်ထားမှုနှင့်ပတ်သက်ပြီးတော့မှ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၅ (က)(၁)မှာ ရက်ပေါင်း ၃၀ အတွင်းမှာ အလုပ်ရှင်နှင့် အလုပ်သမားအကြား အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် အိမ်အကူ အလုပ်သမားများ အခကြေးငွေမရရှိခြင်းကိစ္စများအတွက်လည်းပဲ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေ ရေးဥပဒေအရ ဆောင်ရွက်နိုင်ပါတယ်။ ဥပဒေဖောက်ဖျက်တယ်ဆိုရင်လည်းပဲ ဥပဒေနှင့်အညီ

အရေးယူနိုင်ပါတယ်။ လက်ရှိပြဌာန်းထားသော အလုပ်သမားဥပဒေများမှာ အိမ်အကူအလုပ်သမားများနှင့် ပတ်သက်တဲ့ သီးခြားဥပဒေ ကျွန်တော်တို့ဝန်ကြီးဌာနမှာ မရှိသေးပါဘူး။ လိုအပ်နေသေးပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် လွှတ်တော်က ကိုယ်စားလှယ်များရဲ့သဘောဆန္ဒနှင့်အညီ ဆောင်ရွက်သင့်တဲ့ကာလမှာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ အလားတူပဲ အိမ်အကူအလုပ်သမားနှင့် ပတ်သက်ပြီးတော့မှ ILO Convention No.189 ကို မြန်မာနိုင်ငံအနေနဲ့ အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသေးပါဘူး။

မြန်မာနိုင်ငံအနေအထားမှာ အိမ်အကူအလုပ်သမားများဟာ အလုပ်ရှင်အိမ်မှာ မိသားစုသဖွယ် နေထိုင်ကြတဲ့အတွက် ဥပဒေအရ သတ်မှတ်ထားတဲ့ အလုပ်ချိန်နှင့်အညီ လုပ်ကိုင်ဖို့၊ စစ်ဆေးဖို့ အကန့်အသတ်ရှိပါတယ်။ ဥပဒေနှင့်အညီလိုက်နာမှုရှိ/မရှိ၊ အိမ်များကိုလည်းပဲ လိုက်လံစစ်ဆေးဖို့ရန်လည်းပဲ ကျွန်တော်တို့အတွက်များစွာ စိန်ခေါ်မှုရှိနေပါတယ်။ ဒါပေမဲ့ အလုပ်ရှင်များမှ အလုပ်သမားများ၊ ကလေးသူငယ်များကို အဓမ္မစေခိုင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ လုပ်ရပ်များနှင့်ပတ်သက်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၂၇(က)အရလည်းကောင်း၊ ကျွန်တော်တို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ကလေးသူငယ်ဥပဒေပုဒ်မ ၆၅(က) တို့အရလည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများဆွေးနွေးခဲ့တဲ့ အဓမ္မစေခိုင်းမှုပပျောက်ရေးနဲ့ စပ်လျဉ်းပြီးတော့မှ ကျွန်တော်ရှင်းလင်းရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO နှင့်ပူးပေါင်းပြီးတော့မှ အဓမ္မစေခိုင်းမှုပပျောက်ရေးဆိုင်ရာ သုံးနှစ်စီမံကိန်းကို ရေးဆွဲပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပါပဲ အလုပ်သမားများအကျိုးနဲ့ အခွင့်အရေးများကို ရရှိနိုင်ဖို့ဆောင်ရွက်ပါဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းနဲ့ အလုပ်သမားအဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဆိုပြီးတော့မှ အဖွဲ့အစည်းအဆင့်ဆင့်ကို ကျွန်တော်တို့ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ အဲဒီအဖွဲ့များအနေနဲ့လည်းပဲ အလုပ်သမားများရဲ့အကျိုးစီးပွားနဲ့ အခွင့်အရေးများကို ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိမှာ အလုပ်ရှင်အဖွဲ့အစည်းပေါင်း ၃၀

ဖွဲ့ရှိပါတယ်။ အလုပ်သမားအဖွဲ့အစည်းပေါင်း ၂၃၃၇ ဖွဲ့ရှိပြီးတော့မှ စုစုပေါင်း ၂၃၆၇ ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းများအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး တော့မှ အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို သုံးပွင့်ဆိုင်စနစ်နှင့် ကူညီပြီးတော့မှ ဖြေရှင်းပေး လျက်ရှိပါတယ်လို့ တင်ပြလိုပါတယ်။

အလားတူပါပဲ ကလေးသူငယ်များနှင့်ပတ်သက်ပြီးတော့မှလည်းပဲ ကလေးသူငယ်များကို အလုပ်သမားအဖြစ်၊ အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်းဆိုင်ရာ ILO Convention No.182 ကိုလည်း မြန်မာနိုင်ငံအနေနဲ့ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ကိုလည်းပဲ ILO Myanmar Programme on Elimination of Child Labour(My-PEC) အစီအစဉ်နဲ့ လေးနှစ်တာစီမံချက်ချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီး ဌာနအနေနဲ့လည်းပဲ အလုပ်သမားရေးရာနှင့်ပတ်သက်ပြီးတော့မှ အသိပေးပညာပေးမှုတွေဆောင်ရွက် ပါလို့ လွှတ်တော်ကိုယ်စားလှယ်ကြီး နှစ်ဦး၊ သုံးဦး တင်ပြဆွေးနွေးသွားတာရှိပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ကြိုဆိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ရက် ၁၀၀ ကာလစီမံကိန်း အတွင်းမှာ အလုပ်သမားရေးရာကိစ္စရပ်များ အသိပညာပေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေ ပါတယ်။ ယနေ့ထိလည်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဧပြီလ ၁ ရက်နေ့ကနေစပြီးတော့မှ နိုဝင်ဘာလ ၁၇ ရက်နေ့အထိ ညွှန်ကြားရေးမှူးချုပ်နှင့် စစ်ဆေးရေးအရာရှိများက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန၊ ကုမ္ပဏီများစုစုပေါင်း ၇၁၈၀ ကိုသွားရောက်ပြီး တော့မှ အလုပ်ရှင်တွေ၊ မန်နေဂျာတွေ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားစုစုပေါင်း ၂၆၆၈၂၈ ဦးကို ကျွန်တော်တို့ အလုပ်သမားရေးရာနှင့်ပတ်သက်ပြီးတော့မှ အသိပညာတွေပေးတာ၊ ဆွေးနွေးပွဲတွေပြုလုပ်တာတွေ ပြုလုပ်ခဲ့ပါတယ်လို့ ပြည်သူ့လွှတ်တော်ကို လေးစားစွာတင်ပြထား လိုပါတယ်ခင်ဗျား။

အလားတူပဲ ဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့ဥပဒေ ၁၆ ခုရှိပါတယ်။ အသစ်ရေးဆွဲလျက် ရှိတဲ့ ဥပဒေတွေလည်းရှိပါတယ်။ ဒါ့အပြင် ခေတ်ကာလနှင့်မညီတဲ့ဥပဒေကိုလည်းပဲ ပြင်ဆင်ဆောင်ရွက် နိုင်ရန် လုပ်ဆောင်လျက်ရှိပါတယ်။ ကလေးအလုပ်သမားများနှင့်ပတ်သက်ပြီးတော့မှ ဥပဒေပိုင်း ဆိုင်ရာအားနည်းချက်များရှိနေတာဖြစ်တဲ့အတွက် လိုအပ်သည်များကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ပူးပေါင်းပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက် နိုင်ရန်အတွက် ဝန်ကြီးဌာနအနေနဲ့ အထက်ကတင်ပြခဲ့သလိုပဲ ဥပဒေများရေးဆွဲတာတွေ၊ ပြင်ဆင်တာ

တွေ၊ ဖြည့်စွက်တာတွေ၊ ဆောင်ရွက်တာတွေရှိသလို အလုပ်သမားများအတွက် လိုအပ်ချက်များကို လည်းပဲ အစဉ်လေ့လာသုံးသပ်ပြီးတော့မှ လုပ်ငန်းစီမံချက်များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းများကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါ တယ်။ အိမ်အကူများအပါအဝင် အလုပ်သမားရေးရာများနှင့်ပတ်သက်ပြီးတော့မှ လွှတ်တော် ကိုယ်စားလှယ်များရေးတဲ့၊ အဆိုမှာတင်ပြတဲ့အတိုင်းပဲ ပါဝင်တဲ့လုပ်ငန်းစဉ်များကိုလည်းပဲ ကျွန်တော် တို့ဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲနဲ့ ဆက်စပ်တဲ့ဝန်ကြီးဌာနများ၊ အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်သမားရေးရာဆောင်ရွက်နေတဲ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တော့မှ၊ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အချို့လုပ်ငန်းတွေကတော့ ချက်ချင်း ဆောင်ရွက်မယ့်လုပ်ငန်းတွေရှိသလို တချို့လုပ်ငန်းတွေကလည်းပဲ အချိန်ယူပြီးတော့မှ ဖြစ်ပေါ်လာနိုင် တဲ့အကျိုးဆက်တွေကို စဉ်းစားဆောင်ရွက်ရမယ့်ကိစ္စတွေ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြဆွေးနွေးခဲ့တဲ့အချက်များကို ဥပဒေများ နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နေတာဖြစ်တဲ့အတွက်၊ ဆက်လက်ပူးပေါင်းပြီးတော့ ဆောင်ရွက် သွားမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ တင်ပြတဲ့အဆိုကို ပြည်သူ့လွှတ်တော် က မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့တော့ ပထမဦးဆုံး ကျေးဇူးတင်စကားပြောချင်ပါတယ်။ ဒီအဆိုလေးကို ဆွေးနွေးခွင့်ပေးတဲ့အတွက် ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ထောက်ခံဆွေးနွေး ပေးတဲ့ ကိုယ်စားလှယ်တော်တွေနှင့် သေချာရှင်းလင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူး အများကြီးတင်ပါတယ်။ ကျွန်မတို့ ဒီအဆိုကို ဖြစ်လာရတဲ့အခြေအနေက ကျွန်မတို့အားလုံးသိတဲ့ အတိုင်းပါပဲ။ အိမ်အကူကလေးလုပ်သားတွေရဲ့ အခြေအနေဟာ ကျွန်မတို့ လျစ်လျူရှုထားလို့မရတော့ တဲ့အနေအထား ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့၊ ကာကွယ်ပေးဖို့လိုတဲ့အတွက်ကြောင့်မို့လို့ပဲ ဖြစ်ပါ တယ်။ တကယ်တမ်းကျတော့ ကျွန်မတို့ဆီမှာက ဥပဒေတွေလည်း အများကြီးရှိပါတယ်။ ဆွေးနွေး သွားတဲ့ကိုယ်စားလှယ်တွေလည်း ပြောသွားပါတယ်။ ဝန်ကြီးကလည်း ရှင်းပေးသွားပါတယ်။ ဒီဥပဒေ တွေ အသက်ဝင်ဖို့၊ ဒီဥပဒေတွေအတိုင်းဖြစ်ဖို့ကိုပဲဆိုတာ အရေးတကြီးလိုနေတာပါ။ ရှိပြီးသားဥပဒေ

တွေ ကျွန်မတို့ထပ်ပြီးတော့လည်း အိမ်အကူအပါအဝင် အိမ်တွင်းအလုပ်သမားတွေအတွက် လိုအပ်ပါတယ်။ လိုအပ်တာတွေရှိနေသော်လည်းပဲ ရှိနေပြီးသားဥပဒေတွေတောင် အဲဒီဥပဒေအတိုင်းဖြစ်မယ်ဆိုရင် တော်တော်ကောင်းမွန်တဲ့လုပ်ငန်းခွင်တွေဖြစ်နေမယ်။ ကျွမ်းကျင်တဲ့လုပ်ငန်းတွေအတွက်လည်း ဥပဒေတွေမှာပြဋ္ဌာန်းပြီးသားဖြစ်နေတယ်ပေါ့နော်။ ဆိုတော့ ILO တွေမှာ သုံးနှစ်စီမံကိန်း၊ ငါးနှစ်စီမံကိန်းတွေနဲ့ချပြီးဆောင်ရွက်နေတယ်ဆိုတာ ကြားရတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ အချိန်ယူပြီးမှလုပ်ရမယ်ဆိုတာကို ကောင်းကောင်းသဘောပေါက်ပါတယ်။ စလုပ်ဖို့ပဲ ကျွန်မအနေနဲ့ ကျေးဇူးတင်လှပါပြီ။ စလုပ်ဖို့စဉ်းစားတယ်၊ စီစဉ်တယ်ဆိုရင်ပဲ အများကြီးကျေးဇူးတင်ပါပြီ။ ပြီးတော့ ကျွန်မတို့ ဘာပဲလုပ်လုပ် ပြည်သူမပါဘဲနဲ့ မအောင်မြင်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှု ရဖို့အတွက်ကိုလည်း ပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကနေတစ်ဆင့် အလုပ်သမားတွေ အခမွခိုင်းစေမှုမရှိအောင်လို့ အရေးတယူလုပ်ပေးဖို့ဆိုလို့ရှိရင် အများကြီးပြေလည်လာမယ်လို့လည်း ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ အခမွခိုင်းစေခံရတဲ့အများစုဟာ ငယ်ရွယ်တဲ့၊ အားနွဲ့တဲ့ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေဖြစ်နေတာပါ။ အင်အားနည်းတဲ့သူကို အင်အားများတဲ့သူတွေ၊ အာဏာရှိတဲ့သူတွေက လုပ်ချင်သလိုလုပ်လို့ရတယ်ဆိုတာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းမှာ ဘယ်လိုမှုဖြစ်သင့်ဖြစ်ထိုက်တဲ့အရာ မဟုတ်ပါဘူး။ ဒီ့အတွက် ဥပဒေတွေအပြင် ကိုယ်ချင်းစာတရား တွေနဲ့ ကျွန်မတို့ပတ်ဝန်းကျင်ကို ဝိုင်းဝန်းစောင့်ရှောက်ကြမယ်ဆိုလို့ရှိရင် ဒီလိုမျိုးအဖြစ်အပျက်တွေဟာ နောက်ဖြစ်လာမှာ မဟုတ်ပါဘူး။ အားလုံးဥပဒေတွေကလည်း ကာကွယ်ပေးဖို့အတွက်ကိုလည်း ကျွန်မအနေနဲ့ ဒီဟာကို လေးလေးနက်နက်လုပ်ဖို့အတွက် မှတ်တမ်းတင်တဲ့အပြင် မှတ်တမ်းတင်ပြီးတော့လည်း စောင့်ကြည့်သင့်ပါတယ်။ ပြီးတော့လည်း စဉ်ဆက်မပြတ် ဒီလုပ်ငန်းစဉ်တွေမှာလည်း ပါဝင်ပေးဖို့အတွက်၊ တိုက်တွန်းပေးဖို့အတွက်ပြောကြရင်း နိဂုံးချုပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးကဆွေးနွေးပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ရုံမဟုတ်ဘဲနဲ့ မှတ်တမ်းတင်ပြီးတော့ စောင့်ကြည့်ပေးသွားရန် ရှင်းလင်းဆွေးနွေးပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်အေးမြမြမျိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။**]**